မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၉] ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက် (၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်) } သောကြာနေ့ [အတွဲ ၇၅

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၃/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကာလအတွင်း နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်–

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**

**စည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်ချုပ်ကြီး အေးသောင် | အဖွဲ့ဝင် | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂။ | ဗိုလ်ချုပ် ဉာဏ်လင်း | အဖွဲ့ဝင် | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့် | ဝန်ကြီး | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၂။ | ဒုတိယဗိုလ်ချုပ်ကြီး မြသင်း | ဝန်ကြီး | ပြည်ထဲရေးဝန်ကြီးဌာန |

| | | | |
|---|---|---|---|
| ၃။ | ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့် | ဝန်ကြီး | သာသနာရေးဝန်ကြီးဌာန |
| ၄။ | ဒုတိယဗိုလ်ချုပ်ကြီး မောင်လှ | ဝန်ကြီး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၅။ | ဒုတိယဗိုလ်ချုပ်ကြီး ကျော်မင်း | ဝန်ကြီး | သတ္တုတွင်းဝန်ကြီးဌာန |
| ၆။ | ဗိုလ်ချုပ် စိုးမြင့် | ဝန်ကြီး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်မှူးကြီး ဖေသိန်း | ဝန်ကြီး | ဝန်ကြီးချုပ်ရုံး |
| ၈။ | ဗိုလ်မှူးချုပ် မျိုးသန့် | ဝန်ကြီး | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌရုံး |
| ၉။ | ဗိုလ်ချုပ် လှမြင့်ဆွေ | ဝန်ကြီး | စက်မှုဝန်ကြီးဌာန |
| ၁၀။ | ဦးခင်မောင်ရင် | ဝန်ကြီး | ဒုတိယဝန်ကြီးချုပ်ရုံး |
| ၁၁။ | ဗိုလ်မှူးချုပ် မောင်မောင် | ဝန်ကြီး | ဒုတိယဝန်ကြီးချုပ်ရုံး |
| ၁၂။ | ဒုတိယဗိုလ်ချုပ်ကြီး သိန်းဝင်း | ဝန်ကြီး | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၁၃။ | ဗိုလ်ချုပ် အေးကျော် | ဝန်ကြီး | ပြန်ကြားရေးဝန်ကြီးဌာန |
| ၁၄။ | ဦးအောင်ဖုန်း | ဝန်ကြီး | သစ်တောရေးရာဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်မှူးချုပ် ပြည့်စုံ | ဝန်ကြီး | ဝန်ကြီးချုပ်ရုံး |
| ၁၆။ | ဗိုလ်မှူးချုပ် မောင်ကြည် | ဥက္ကဋ္ဌ | ကယားပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၁၇။ | ဗိုလ်မှူးကြီး မျိုးမြင့် | ဥက္ကဋ္ဌ | ကရင်ပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၁၈။ | ဗိုလ်မှူးကြီး ခင်ကြူး | ဥက္ကဋ္ဌ | ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| ၁၉။ | ဗိုလ်မှူးကြီး လှမြင့်ကျော် | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၀။ | ဗိုလ်မှူးကြီး မောင်ချို | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၁။ | ဗိုလ်မှူးကြီး ဘိုးချို | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |

| | | | |
|---|---|---|---|
| ၂၂။ | ဗိုလ်မှူးကြီး သိန်းလွင် | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| ၂၃။ | ဗိုလ်မှူးကြီး လှငွေ | ဥက္ကဋ္ဌ | ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| ၂၄။ | ဗိုလ်မှူးကြီး သန်းဝင်း | ဥက္ကဋ္ဌ | ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| ၂၅။ | ဗိုလ်မှူးကြီး တင်လှ | ဥက္ကဋ္ဌ | ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| ၂၆။ | ဗိုလ်မှူးကြီး သန်းတင် | ဥက္ကဋ္ဌ | စစ်ကိုင်းတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| ၂၇။ | ဗိုလ်မှူးချုပ် ညွန့်လှိုင် | ဥက္ကဋ္ဌ | ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| ၂၈။ | ဗိုလ်မှူးကြီး သာဝင်း | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| ၂၉။ | ဗိုလ်မှူးကြီး မြငြိမ်း | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| ၃၀။ | ဗိုလ်မှူးကြီး စိန်ဝင်းအောင် | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၃၁။ | ဗိုလ်မှူးချုပ် ရန်သိမ်း | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၃၂။ | ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |

## ဝဏ္ဏကျော်ထင်ဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးမောင်မောင်ခင် | ဒုတိယစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂။ | ဒေါ်သင်းသင်း | ဒုတိယစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၃။ | ဒုတိယဗိုလ်မှူးကြီး သန်းညွန့် | ဒုတိယဝန်ကြီး | အမှတ် (၂) စက်မှုဝန်ကြီးဌာန |

| | | | |
|---|---|---|---|
| ၄။ | ဦးစန်းဝေ | ဒုတိယဝန်ကြီး | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၅။ | ဦးဝင်းနိုင် | ဒုတိယဝန်ကြီး | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန |
| ၆။ | ဗိုလ်မှူးကြီး ကြည်မောင် | ဒုတိယဝန်ကြီး | ပညာရေးဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၂၁၄/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံ့ချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးလှမြင့် | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၂။ | ဦးကျော်ဆန်း | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးနေဝင်း | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်**

**စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဦးရဲကျော်မြ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၅/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက် စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်–

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**

**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | H.E. Army General Sergey Kuzhugetovich Shoigu | Minister of Defence Russian Federation |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံ့ချီဘွဲ့**

| | | |
|---|---|---|
| ၁။ | Colonel General Alexander Vasilyevich Fomin | Deputy Minister of Defence Russian Federation |
| ၂။ | H.E. Mr. Hideo Watanabe | Chairman Japan – Myanmar Association |
| ၃။ | ဦးကဝိဓဇ | ဖွဲ့ကပင်ကျောင်းတိုက်ဆရာတော်၊ တော်ပုံကျေးရွာ၊ ကရင်ပြည်နယ် |
| ၄။ | ဦးသာထူးကျော် | ဥက္ကဋ္ဌ (DKBA) တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး |
| ၅။ | ဦးကျော်သန်း | စစ်ဦးစီးချုပ် (DKBA) တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး |
| ၆။ | ဗိုလ်မှူးကြီး စောထွန်းလှိုင် | ဥက္ကဋ္ဌ (DKBA) တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ |

| | | |
|---|---|---|
| ၇။ | စောဖားနှီး | ဒုတိယဥက္ကဋ္ဌ (DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဖဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ |
| ၈။ | စောပြားပြား | (DKBA)တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား<br>အစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ |
| ၉။ | စောမောင်ကြည် | (DKBA)တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား<br>အစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ |
| ၁၀။ | ဗိုလ်မှူးကြီး စောချစ်သူ | အတွင်းရေးမှူး(DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ |
| ၁၁။ | ဒုတိယဗိုလ်မှူးကြီး ကျော်ထူး | (DKBA)တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား<br>အစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ |
| ၁၂။ | ဒုတိယဗိုလ်မှူးကြီး စောဒေါဒေါ | နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့<br>ဟောင်သရောအထူးဒေသ |
| ၁၃။ | ဒေါက်တာ တင်မိုးသီ | ငြိမ်းချမ်းရေးအကျိုးတော်ဆောင် |
| ၁၄။ | ဦးယွတ်ဇော်ခေါင် | အဖွဲ့ခေါင်းဆောင်<br>Peace Talk Creation Group |
| ၁၅။ | ဦးလမိုင်ခွန်ဂျာ | အဖွဲ့ဝင်၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>Peace Talk Creation Group |
| ၁၆။ | ဦးစခုန်တိန့်ယိန်း | ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>New Democratic Army – Kachin |
| ၁၇။ | ဒေါက်တာ ဆာဘွဲ့ဂျမ် | နာယက၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>(ငြိမ်းဖောင်ဒေးရှင်း) |

| | | |
|---|---|---|
| ၁၈။ | သိက္ခာတော်ရဆရာတော်<br>ဆိုတေးရိုဖမော | ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>လွိုင်ကော်ကက်သလစ်သာသနာဂိုဏ်းအုပ်(ငြိမ်း) |
| ၁၉။ | ဦးဝိစိတ္တာဘိဝံသ (ခ) ဦးဝီရသူ | နာယကဆရာတော်<br>မစိုးရိမ်တိုက်သစ်၊ ဓမ္မသဟာယကျောင်းတိုက်၊<br>မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀။ | ဦးပညာသာမိ | နာယကချုပ်<br>တောင်ကလေးပရိယတ္တိစာသင်တိုက်၊ ဘားအံမြို့၊<br>ကရင်ပြည်နယ် |
| ၂၁။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ<br>ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| ၂၂။ | ဒေါက်တာ အေးမောင် | ဥက္ကဋ္ဌ<br>ရခိုင့်ဦးဆောင်ပါတီ |
| ၂၃။ | ဦးခွန်ထွန်းလူ (ခ) ဒီကီ | ဥက္ကဋ္ဌ<br>“ဝ”အမျိုးသားပါတီ |
| ၂၄။ | ဦးစံကျော်လှ | ဗဟိုအလုပ်အမှုဆောင်<br>ရခိုင်အမျိုးသားပါတီ |
| ၂၅။ | ဦးရွှေမင်း (ခ) ဆီဖာလာလူး | ဥက္ကဋ္ဌ<br>လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) |
| ၂၆။ | ဦးသုဝေ | ဥက္ကဋ္ဌ<br>ဒီမိုကရက်တစ်ပါတီ (မြန်မာ) |
| ၂၇။ | ဦးသိမ်းဝေ | ဥက္ကဋ္ဌ<br>ရိုးမဘဏ် (YOMA Bank) |
| ၂၈။ | ဦးဇော်ဝင်းရှိန် | ဥက္ကဋ္ဌ<br>ဧရာဝတီတောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်(A Bank) |
| ၂၉။ | ဦးဇော်မင်းဝင်း | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | |
|---|---|---|
| ၁။ | ဒေါက်တာ ရင်ရင်နွယ် | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၂။ | ဒေါ်ယဉ်ယဉ်ဦး | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၃။ | ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန် | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၄။ | ဒေါ်ခင်ဦးလှိုင် | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၅။ | ဗိုလ်မှူးကြီး ထိန်လင်း(ငြိမ်း) | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၆။ | ဦးစစ်အေး | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်ခင်မျိုးမြင့် | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဦးဉာဏ်ထွန်း | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဦးသန်းကျော် | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**

**စီမံထူးချွန်တံဆိပ်(ပထမဆင့်)**

| | | |
|---|---|---|
| ၁။ | Mr. Alexander Vladimirovich<br>OSTROVSKY | Expert<br>Federal Service for Military –Technical<br>Cooperation(FSMTC)<br>Russian Federation |

**လူမှုထူးချွန်တံဆိပ်(ပထမဆင့်)**

၁။ ဦးရဲမိုး(ခ)နေရီ စာရေးဆရာ/Journalist

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၃/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့်**
**အုပ်ချုပ်မှုစရိတ်သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၂ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌရုံးတွင် တာဝန်ထမ်းဆောင်နေသည့် ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင် အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခြင်းခံရသူ ဦးအောင်အောင်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများ၏ တာဝန်များကိုပါ တာဝန်ခံဆောင်ရွက်ရသည့်အတွက် လစဉ်အုပ်ချုပ်မှုစရိတ် ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် အုပ်ချုပ်မှုစရိတ်သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၂ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နိုင်သက်ဦး အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်စွဲပါ အမိန့်အမှတ် ၆၃/၂၀၂၂ ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဒုတိယစာရင်းစစ်ချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့သည့်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ခိုင်အောင် အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ခိုင်ခိုင်အောင်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများ၏ တာဝန်များကိုပါ တာဝန်ခံဆောင်ရွက်ရသည့်အတွက် လစဉ်အုပ်ချုပ်မှုစရိတ် ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၅/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့သည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်တွင် သက်တမ်းပြည့်မြောက်သွားသည့် အဖွဲ့ဝင် (၃) ဦးနေရာတွင် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ဖြင့် အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ဒေါ်တင်မေဦး<br>အဖွဲ့ဝင်<br>ငွေချေးသက်သေခံလက်မှတ်<br>လုပ်ငန်းကြီးကြပ်ရေးကော်မရှင် | **အစား** | ဒေါ်တင်တင်အုန်း<br>ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)<br>ငွေချေးသက်သေခံလက်မှတ်<br>လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး |
| (၂) | ဦးငွေးချွန်<br>အဖွဲ့ဝင်<br>ငွေချေးသက်သေခံလက်မှတ်<br>လုပ်ငန်းကြီးကြပ်ရေးကော်မရှင် | **အစား** | ဒေါ်သင်းသင်းအေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)<br>ဥပဒေရေးရာဝန်ကြီးဌာန<br>(ယခင်ပြည်ထောင်စုရှေ့နေချုပ်ရုံး) |
| (၃) | ဒေါ်ခင်လေးမြင့်<br>အဖွဲ့ဝင်<br>ငွေချေးသက်သေခံလက်မှတ်<br>လုပ်ငန်းကြီးကြပ်ရေးကော်မရှင် | **အစား** | ဒေါက်တာ လေးကြည်<br>ဒုတိယပါမောက္ခချုပ် (အငြိမ်းစား)<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် |

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၈၆/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးအောင်ကျော်စိုး ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၈၉/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

**ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(စ) ဒုတိယရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဈ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၁၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၀/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအား ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုး အား ယနေ့မှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၆/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့**
**အဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့** မှ **ဗဟိုအဖွဲ့** တွင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန **အစား** အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာနဖြင့်လည်းကောင်း၊ **ဗဟိုလုပ်ငန်းအဖွဲ့** တွင် အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန **အစား** အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ စွမ်းအင်ဝန်ကြီးဌာန ဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁၁/၂၀၂၂) ဖြင့် ထုတ်ပြန်ကြေညာချက်အရ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးမြင့်သိန်း အား **ဝဏ္ဏကျော်ထင်ဘွဲ့** ကို ချီးမြှင့်အပ်နှင်းလိုက်သည်။

တီခွန်မြတ်

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၈၄၂/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီး များအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးမျိုးသူရ<br>တ/၃၆၁၉ | ကျိုင်းတုံ<br>ရှမ်းပြည်နယ် |
| ၂။ | ဒေါ်သီရိပြည့်စုံ<br>တ/၃၆၄၅ | ပြင်ဦးလွင်<br>မန္တလေးတိုင်းဒေသကြီး |
| ၃။ | ဦးဖွဲ့မာန်ပိုင်<br>တ/၃၆၈၅ | တန့်ယန်း<br>ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

**လက်ထောက်ညွှန်ကြားရေးမှူး ရာထူးခန့်ထားခြင်း**

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၂) ၏ အတည်ပြုချက်အရ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ ပြန်တမ်းဝင်အမှတ် ကြည်း ၄၁၀၄၄ ဗိုလ်မှူး စိုးစိုးလွင် ကို ပြည်ထောင်စု

ရွှေးကောက်ပွဲကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

### မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်သိမ်းဆည်းခြင်း

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ခွင့်ပြုခဲ့ပြီး ဖော်ထုတ်သတ်မှတ်ကာလ (၄) နှစ်အတွင်း ခွင့်ပြုဧရိယာအား သတ်မှတ်ကာလအတွင်း ဖော်ထုတ်စိုက်ပျိုးခြင်းမရှိသော ပူးတွဲဇယားပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ (၃၀၀.၀၀) ဧကအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၇/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ (က) (၃)၊ နည်းဥပဒေ ၅၇ (ခ) တို့နှင့်အညီ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှစ၍ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို ရုပ်သိမ်းလိုက်ပြီး ပေးသွင်းထားသော အာမခံကြေးများကိုပါ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းလိုက်သည်။

**သတ်မှတ်ကာလ (၄) နှစ်ကျော်လွန်သော်လည်း လုံးဝဖော်ထုတ်လုပ်ကိုင်မှုမရှိသဖြင့် ခွင့်ပြုမိန့်ရုပ်သိမ်း၍ ပြန်လည်သိမ်းဆည်းသည့် စာရင်း**

| စဉ် | ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည် | ခွင့်ပြုမိန့်ချထားသည့် | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | မြို့နယ် | ကျေးရွာအုပ်စု | ခွင့်ပြုသည့် ရက်စွဲနှင့် စာအမှတ် | ခွင့်ပြုသည့် အကြောင်းအရာ | ခွင့်ပြုဧရိယာ (ဧက) | |
| ၁ | ဦးဉာဏ်ဝင်း (ရှမ်းမောမြေကုမ္ပဏီ လီမိတက်) | မင်းဘူး (စကု) | မင်းလှကျင်း | ၁၉/မလရ-၁၆ (၁၂၉/၂၀၁၆) (၂၈-၃-၂၀၁၆) | တမာ စိုက်ပျိုးရန် | ၃၀၀.၀၀ | |
| စုစုပေါင်း | | | | | | ၃၀၀.၀၀ | |

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်သိမ်းဆည်းခြင်း

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ခွင့်ပြုခဲ့ပြီး ဖော်ထုတ်သတ်မှတ်ကာလ (၄) နှစ်အတွင်း ခွင့်ပြုဧရိယာအား သတ်မှတ်ကာလအတွင်း ဖော်ထုတ်စိုက်ပျိုးခြင်းမရှိသော ပူးတွဲဇယားပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ (၁၄၃၀.၀၀) ဧကအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၇/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ (က) (၃)၊ နည်းဥပဒေ ၅၇ (ခ) တို့နှင့်အညီ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှစ၍ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို ရုပ်သိမ်းလိုက်ပြီး ပေးသွင်းထားသော အာမခံကြေးများကိုပါ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းလိုက်သည်။

**သတ်မှတ်ကာလ (၄) နှစ်ကျော်လွန်သော်လည်း လုံးဝဖော်ထုတ်လုပ်ကိုင်မှုမရှိသဖြင့် ခွင့်ပြုမိန့်ရုပ်သိမ်း၍ ပြန်လည်သိမ်းဆည်းသည့် စာရင်း**

| စဉ် | ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည် | ခွင့်ပြုမိန့်ချထားသည့် | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | မြို့နယ် | ကျေးရွာအုပ်စု | ခွင့်ပြုသည့် ရက်စွဲနှင့် စာအမှတ် | ခွင့်ပြုသည့် အကြောင်းအရာ | ခွင့်ပြုဧရိယာ (ဧက) | |
| ၁ | ဦးသန်းထွန်း (ပြည့်ဖြိုးကမ္ဘာ ကုမ္ပဏီလီမိတက်) | ပြင်ဦးလွင် | လွန်ကောင်း | ၁၉/မလရ-၁၆ (၁၇၁/၂၀၁၆) (၃၀-၃-၂၀၁၆) | နှစ်ရှည်သီးနှံ၊ ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးရန် | ၁၂၀၀.၀၀ | |
| ၂ | ဦးသန်းထွန်း (ပြည့်ဖြိုးကမ္ဘာ ကုမ္ပဏီလီမိတက်) | ပြင်ဦးလွင် | လွန်ကောင်း | ၁၉/မလရ-၁၆ (၁၇၂/၂၀၁၆) (၃၀-၃-၂၀၁၆) | နှစ်ရှည်သီးနှံ၊ ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးရန် | ၂၃၀.၀၀ | |
| စုစုပေါင်း | | | | | | ၁၄၃၀.၀၀ | |

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၂)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်သိမ်းဆည်းခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့မှ ခွင့်ပြုခဲ့ပြီး ဖော်ထုတ်သတ်မှတ်ကာလ (၄) နှစ်အတွင်း ခွင့်ပြုဧရိယာအား သတ်မှတ်ကာလအတွင်း ဖော်ထုတ်စိုက်ပျိုးခြင်းမရှိသော ပူးတွဲဇယားပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ (၅၀.၀၀) ဧကအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၇/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ (က) (၃)၊ နည်းဥပဒေ ၅၇ (ခ) တို့နှင့်အညီ

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှစ၍ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို ရုပ်သိမ်းလိုက်ပြီး ပေးသွင်းထားသော အာမခံကြေးများကိုပါ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းလိုက်သည်။

**သတ်မှတ်ကာလ (၄) နှစ်ကျော်လွန်သော်လည်း လုံးဝဖော်ထုတ်လုပ်ကိုင်မှုမရှိသဖြင့် ခွင့်ပြုမိန့်ရုပ်သိမ်း၍ ပြန်လည်သိမ်းဆည်းသည့် စာရင်း**

| စဉ် | ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည် | ခွင့်ပြုမိန့်ချထားသည့် | | | | | သတ်မှတ်ကာလအတွင်း ဖော်ထုတ်ပြီးစီးသည့် ဧရိယာ (ဧက) | သတ်မှတ်ကာလအတွင်း ဖော်ထုတ်ခြင်း မရှိ၍ ပြန်လည်သိမ်းဆည်းသည့် ဧရိယာ(ဧက) |
|---|---|---|---|---|---|---|---|---|
| | | မြို့နယ် | ကျေးရွာအုပ်စု | ခွင့်ပြုသည့်ရက်စွဲနှင့် စာအမှတ် | ခွင့်ပြုသည့်အကြောင်းအရာ | ခွင့်ပြုဧရိယာ (ဧက) | | |
| ၁ | အနောက်မြောက်တိုင်းစစ်ဌာနချုပ် | ဟုမ္မလင်း | ရွှေတွင်း | ၆၈၇၈/၁မယ(ဖ) (၁၁) ၂၀၀၈ (၁၁-၁၁-၂၀၀၈) | ရာသီသီးနှံစိုက်ပျိုးရန် | ၁၂၀၀၀.၀၀ | | ၅၀.၀၀ |
| စုစုပေါင်း | | | | | | ၁၂၀၀၀.၀၀ | | ၅၀.၀၀ |

မှတ်ချက်။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အား ခွင့်ပြုခဲ့သည့် မြေဧရိယာ (၁၂၀၀၀) ဧကအနက် (၁၁၉၅၀.၀၀) ဧကအား ဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်စွဲပါ စာအမှတ်၊ ၁၂/မလရ-၁ (၂၆၃/၂၀၁၈) ဖြင့် ပြန်လည်သိမ်းဆည်းခဲ့ပြီးဖြစ်၍ ကျန်ရှိသည့် ဧရိယာ (၅၀.၀၀) ဧကအား ပြန်လည်သိမ်းဆည်းခြင်းဖြစ်ပါသည်။

လှမိုး
ဥက္ကဋ္ဌ
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

### လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သော **လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ** တွင် ညွှန်ကြားရေးမှူးချုပ်၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
ဒေါက်တာ သက်သက်ခိုင်
ဒုတိယဥက္ကဋ္ဌ (၁)
လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ခရီးသွားလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

**နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင်**
**အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၁ ဖြင့် အစားထိုးပြင်ဆင်ဖွဲ့စည်းခဲ့သည့် နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းကိုယ်စားလှယ် ဒေါ်ဥမ္မာစိန်ဝင်း၊ အထွေထွေမန်နေဂျာ၊ Aureum Palace Hotel (Naypyitaw) **အစား** ဦးကွန်းဇော်အောင်၊ အထွေထွေမန်နေဂျာ၊ Aureum Palace Hotel (Naypyitaw)အား အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၂)**

**တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင်**
**အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းကိုယ်စားလှယ် ဒေါ်မိုးမိုး၊ ဒုတိယအထွေထွေမန်နေဂျာ၊ KMA Hotel Group **အစား** ဦးအောင်သန့်ဇင်၊ Managing Director ၊ The Moken Myanmar Travel & Tour Co.,Ltd အား အစားထိုးပြင်ဆင် ဖွဲ့စည်းလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၂)**

**ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင်**
**အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ပုဂ္ဂလိက ခရီးသွားလုပ်ငန်း အဖွဲ့အစည်းကိုယ်စားလှယ် ဒေါ်နှင်းသက်ကျော်နိုင်၊ အဖွဲ့ဝင်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စျေးကွက်မြှင့်တင်ရေးအသင်း **အစား** ဦးကျော်ပြေဦး၊ Managing Director ၊ Asian Tour Myanmar အား အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၂)**

**မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင်**
**အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ခရီးသွားလုပ်ငန်း တတ်သိပညာရှင် ဦးအောင်မင်းနိုင်၊ မြိုင် CBT **အစား** ဦးအောင်သန်း၊ (ပုလဲရွှေရည်ဟိုတယ်) အား အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင်**
**ဥက္ကဋ္ဌ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ်ပါဝင်သော ဒေါက်တာ မောင်မောင်နိုင်၊ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ **အစား** ဦးတင်ဦးလွင်၊ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီကို ဥက္ကဋ္ဌအဖြစ် အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၂)**

**ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင်**
**အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းကိုယ်စားလှယ် ဦးစောဟန်အေး၊ ဟိုတယ်လုပ်ငန်းရှင် (Grand Hill Hotel) **အစား** ဦးမျိုးမင်းအောင်ကျော်၊ ဟိုတယ်လုပ်ငန်းရှင် (Vantage Hotel) ကို အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဒေါက်တာ ဌေးအောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၂ ခုနှစ်၊ အကောက်ခွန်ပြန်လည်သုံးသပ်မှုအမှတ်-၆**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| YA XUN Co.,Ltd၊ ဝင်ပေါက် (၈)၊ အမှတ် No.MB 1၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်တိုင်းဒေသကြီး။ ဦးဆန်းမြင့် (ကုမ္ပဏီကိုယ်စားလှယ်) ၁၃/ကမန (နိုင်) ၁၃၉၁၈၇၊ အမှတ် (၁၇)၊ ဂန္ဓမာလမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | နှင့် | အကောက်ခွန်ဦးစီးဌာန၊ အမှတ် (၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးကျော်လင်းမြိုင် (ဌာနဆိုင်ရာကိုယ်စားလှယ်)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | – | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်။ |

**စီရင်ချက်**

အမှုမှာ ၁၉-၈-၂၀၂၀ ရက်နေ့ ၁၈:၃၀ နာရီ အချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်၊ န-၄/၈၆၊ ၆၂ (ဘီ) လမ်း၊ ၄၁ လမ်း x ၄၂ လမ်းရှိ နေအိမ်အဆောက်အဦအား အကောက်ခွန်ဦးစီးဌာနမှ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ တရားဝင်အခွန်ပေးဆောင်ထားသော စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Redmi 10X (356) လုံး၊ Redmi K 30 (756) လုံး၊ Redmi 9 (1298) လုံး၊ Redmi Note 9 Pro (218) လုံး၊ Redmi Note 9 (25) လုံး၊ Redmi Note 8 (953) လုံး၊ Redmi Note 8 Pro (838) လုံးနှင့် Redmi Power Bank 10000 mAh (990) ခု စုစုပေါင်းပစ္စည်း (၈) မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် ၇၈၄,၃၉၁,၈၀၀ ခန့်အား ရှာဖွေတွေ့ရှိရသဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းအပေါ် ကျေနပ်မှုမရှိ၍ အခွန်အယူခံခုံအဖွဲ့သို့ အယူခံမှုအမှတ် ၇/၂၀၂၁ အဖြစ်လျှောက်ထားခဲ့ရာ ရုံးတော်မှ ပလပ်လိုက်သဖြင့် အကောက်ခွန်ပြန်လည်သုံးသပ်မှုအဖြစ် တင်သွင်းလျှောက်ထားလာသောအမှုဖြစ်သည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို လက်ခံကြားနာခဲ့ရာတွင် လျှောက်ထားသူ၏ အကျိုးဆောင်တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က လျှောက်လဲတင်ပြရာ၌ သွင်းကုန်ကြေညာလွှာအမှတ် A 45547 သည် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနတွင် အခွန်ပေးဆောင်ပြီး YX Mobile Limited အမည်ဖြင့် တင်သွင်းခဲ့သည့် အထောက်အထားဖြစ်ပါကြောင်း၊ ယင်းသို့တင်ပြရခြင်းမှာ လျှောက်ထားသူ ဦးဆန်းမြင့် က တရားဝင်အခွန်ငွေများပေးဆောင်၍ တင်သွင်းခဲ့ခြင်းမရှိကြောင်း ထွက်ဆိုချက်ကိုချေပလို၍ဖြစ်ပါကြောင်း၊ အခြားကုမ္ပဏီအမည်များဖြင့် ထပ်မံတင်ပြလာသည့် သွင်းကုန်ကြေညာလွှာပါပစ္စည်းများသည် စတင်သိမ်းဆည်းစဉ်စစ်ဆေးတွေ့ရှိခဲ့သည့် အမျိုးအစား၊ အရေအတွက်နှင့်

ကိုက်ညီမှန်ကန်မှုမရှိဟုဆိုသော်လည်း မည်သည့်ပစ္စည်းသည် မည်သို့ကိုက်ညီမှုမရှိကြောင်း တိကျစွာဖော်ပြထားခြင်းမရှိပါကြောင်း၊ အခြားကုမ္ပဏီအမည်များဖြင့် တင်သွင်းအခွန်ဆောင်ခဲ့သော သွင်းကုန်ကြေညာလွှာများကို တရားဝင်အသိအမှတ်ပြုလက်ခံရမည်ဖြစ်ပါကြောင်း၊ ကုန်ပစ္စည်းသည် အခွန်ဆောင်ကြေညာလွှာပါ အမျိုးအစား၊အရေအတွက်၊ထုတ်လုပ်သည့်နိုင်ငံ၊အမှတ်တံဆိပ် စသည်တို့မှန်ကန်ရေးသာအဓိကကျပါကြောင်း၊ ခုံအဖွဲ့စီရင်ချက်၌ "ကုမ္ပဏီတာဝန်ရှိသူ ဦးဆန်းမြင့် က မိမိတို့ YX Mobile Limited အနေဖြင့် ကုမ္ပဏီစတင်တည်ထောင်ချိန် ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှစ၍ ယခုလက်ရှိအချိန်ထိ Xiaomi Mobile Phone နှင့် TV များအား တရားဝင်ကျသင့်အခွန်များပေးဆောင်၍ တင်သွင်းခဲ့ခြင်းမရှိပါဟု အကောက်ခွန်ဦးစီးဌာနသို့ ထွက်ဆိုထားခြင်းကြောင့် ကုမ္ပဏီသည် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်မှုမရှိဟု သုံးသပ်ရပါသည်" ဟူ၍ ဖော်ပြထားပါကြောင်း၊ ဦးဆန်းမြင့် သည် ပိုင်ရှင်မဟုတ်သကဲ့သို့ ကုမ္ပဏီတာဝန်ရှိသူလည်း မဟုတ်ပါကြောင်း၊ ကုမ္ပဏီက ခန့်ထားသော ဝန်ထမ်းတစ်ဦးသာဖြစ်ပြီး ပစ္စည်းပိုင်ရှင်၏ ကိုယ်စားလှယ်အား ပိုင်ရှင်အဖြစ် မှတ်ယူရခြင်းနှင့်စပ်လျဉ်း၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၄ တွင် ပြဋ္ဌာန်းချက်အရ ကုန်ပစ္စည်းပိုင်ရှင်က ၎င်းကိုယ်စားဆောင်ရွက်ရန် ကိုယ်စားလှယ်တစ်ဦးဦးကို ခန့်အပ်ခြင်း၊ ထိုသို့ ခန့်အပ်ခြင်းကို အခွင့်ရအကောက်ခွန်အရာရှိက သဘောတူခြင်းဆိုသည့် အင်္ဂါရပ်များနှင့်ပြည့်စုံမှ ကုန်ပစ္စည်းပိုင်ရှင်ဟုမှတ်ယူရမည်ဖြစ်ပါကြောင်း၊ ယခုကိစ္စတွင် ထွက်ဆိုချက်ပေးစဉ်အချိန်က ဦးဆန်းမြင့် အား ပိုင်ရှင်ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့ခြင်းမရှိသေးသည်ကိုတွေ့ရပါကြောင်း၊ ဖြစ်ရပ်အမှန်မှာ မြန်မာစကားကို ကောင်းစွာမပြောနိုင်၊ နားမလည်နိုင်သော တရုတ်လူမျိုးမန်နေဂျာ စိုင်းထွန်းကြာ၏ ထွက်ဆိုချက်ကိုရယူပြီး ၎င်းထွက်ဆိုသူ ဒုဘိုင်းသို့ထွက်ခွာသွားသဖြင့် ဦးဆန်းမြင့် က ထွက်ဆိုသည့်အနေဖြင့် လက်မှတ်ရေးထိုးစေခဲ့ခြင်းဖြစ်ပါကြောင်း၊ အကောက်ခွန်ဝန်ထမ်းရှေ့မှောက် ထွက်ဆိုချက်သည် သက်သေခံဝင်သည်ဟု ဆူလ်တန်အာမက်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၅၈၊ မတစ၊ စာ-၂၂၆ တွင် စီရင်ထုံးဖွဲ့ခဲ့သော်လည်း ဆူလ်တန်အာမက်သည် ထိုအချိန်က ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံ နယ်ခြားနယ်နိမိတ်ဖြစ်သော နတ်မြစ်ကို သမ္ဗန်ဖြင့်ဖြတ်ကျော်ချိန် မောင်တောမြို့နယ် အကောက်ခွန်ဌာနမှ အကောက်ခွန်ထိန်းနှစ်ဦးက စစ်ဆေးစဉ် ၎င်းထံမှ မြန်မာငွေ ကျပ် ၅၅၉၀ ကို ရှာဖွေတွေ့ရှိရသဖြင့် ဆူလ်တန်အာမက်အား နိုင်ငံခြားငွေလဲလှယ်မှုစည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေပုဒ်မ ၂၄ (၁) အရ အရေးယူခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအမှုတွင် ပြည်ပမှ ခိုးသွင်းယူဆောင်လာခြင်းမဟုတ်ဘဲ ပြည်တွင်းရောက်ရှိနေသောပစ္စည်းကိုအရေးယူခဲ့ခြင်းဖြစ်ရာ အဆိုပါစီရင်ထုံးနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေတွင် Special Rule of Evidence အဖြစ် ပြဋ္ဌာန်းထားသည့် ပုဒ်မ ၁၆၇-က ၌ Burden of Proof ကို စွပ်စွဲခံရသူ (ကုန်ပစ္စည်းပိုင်ရှင်) ကသာ သက်သေပြရန်တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားပါကြောင်း၊ ထိုသို့ သက်သေပြနိုင်ရန် စွပ်စွဲသူ (တရားလို) က သက်သေခံအက်ဥပဒေပုဒ်မ ၁၀၁ အရ တိတိကျကျစွပ်စွဲရန်တာဝန်ရှိကြောင်းကို ဦးချစ်ဆွေပါ-၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၉၈၊ မတစ၊ စာ-၂၀၉ စီရင်ထုံးတွင်ဆုံးဖြတ်ခဲ့ပါကြောင်း၊ ဤအမှုတွင်လည်း အခင်းဖြစ်ပစ္စည်းများကို ပြည်ပမှတရားမဝင်ခိုးသွင်းကြောင်း တရားလိုဘက်က သက်သေအထောက်အထား တစ်စုံတစ်ရာတိကျစွာ စွပ်စွဲနိုင်ခြင်းမရှိသည့်အတွက် အခင်းဖြစ်ပစ္စည်းများကို ပြည်တွင်းအခွန်များဦးစီးဌာနက ကျင့်သုံးနေသော ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေ သို့မဟုတ် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ တစ်ခုခုဖြင့် အရေးယူခြင်းက ပိုမိုမျှတသင့်လျော်မည်ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာမှ အရေးယူသော ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) တွင် "ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း ခံထိုက်စေရမည်" (shall be liable to confiscation)၊ တစ်နည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်သည်ဟုသာ ပြဋ္ဌာန်းထားပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇)၊ ဇယားအမှတ်စဉ် (၂၀) ၌ "ပြည်သူ့ဘဏ္ဍာသိမ်းဆည်း" ဟူသော ပြစ်ဒဏ်ကိုဖော်ပြထားပါကြောင်း၊ မူရင်းဥပဒေ (Substantive Law) ပါ လုပ်ပိုင်ခွင့်ထက် တစ်ဆင့်ခံဥပဒေ (Subsidiary Legislation) က ကျော်လွန်လုပ်ပိုင်ခွင့် မရှိကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဒေါက်တာ သန်းထွဋ်၊ ၂၀၂၀၊ မတစ၊ စာ-၁ စီရင်ထုံးတွင် သုံးသပ်ထားပါကြောင်း၊ ဌာနဆိုင်ရာကိုယ်စားလှယ်၏ ချေပလျှောက်လဲချက်တွင် After Thought နှင့်စပ်လျဉ်း၍

တရားလို၏ စွပ်စွဲချက်ကို တရားပြိုင်က တစ်စုံတစ်ရာ ငြင်းဆန်ကန့်ကွက်ခြင်းမပြုဘဲ နောက်ပိုင်းကျမှ ကန့်ကွက်တင်ပြလာပါမူ နောက်မှအကြံရ၍ လုပ်ကြံတင်ပြချက်သာဖြစ်သည်ဟု ယူဆရမည်ဖြစ်ခြင်းဟု ဦးအောင်ဖေ နှင့် ဒေါ်ညွန့်၊ ၁၉၇၆ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၂၉ တွင် စီရင်ထုံးဖွဲ့ထားကြောင်း တင်ပြထားသော်လည်း ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာအုပ်၌ ရှာဖွေမတွေ့ရှိပါကြောင်း၊ “အမှုသည်တစ်ဦးသည် မှန်ကန်သော ထုချေချက်ရှိပါမူ ထိုထုချေချက်ကို အစောဆုံးအခွင့်အရေးရရှိသည့် အချိန်တွင် တင်ပြရန်လိုပေသည်။ အချိန်လွန်မှ တင်ပြခြင်းပြုလျှင် နောက်မှအကြံရပြီးတင်ပြသည့် ထုချေချက်သာဖြစ်သည်ဟု ယူဆရန်အကြောင်းပေါ်ပေါက်မည်ဖြစ်သည်ဟု ဦးတင်ထွဋ်နှင့် ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၁၈၂” တွင် စီရင်ထုံးဖွဲ့ထားကြောင်း တင်ပြချက်နှင့်စပ်လျဉ်း၍ အဆိုပါစီရင်ထုံးသည် ရာဇဝတ်မှုအပေါ်ဆုံးဖြတ်ခဲ့သည့် စီရင်ထုံးဖြစ်ပါကြောင်း၊ ရာဇဝတ်မှုများတွင် တရားခံသည် မိမိထုချေလိုသည့် အချက်ကို စွဲချက်မတင်မီ ကြိုတင်ထုချေခြင်းမပြုဘဲ စွဲချက်တင်ပြီးနောက်မှ ပြန်ခေါ်သက်သေများကို စစ်မေးသည့်အချိန်ကျမှ မိမိထုချေလိုသည့်အချက်ကို မေးမြန်းခြင်းသည် နောက်မှအကြံရ၍ After Thought ထုချေခြင်းဖြစ်ပါကြောင်း၊ ဤအမှုသည် တရားရုံးစစ်စစ်တွင် တရားစွဲဆိုခြင်းမဟုတ်သည့်အပြင် တရားလို၊ တရားပြိုင်၊ သက်သေများကို စစ်ဆေးကြားနာစီရင်သည့်ရုံးမဟုတ်ဘဲ စာရွက်စာတမ်းသက်သေခံ အထောက်အထားများအပေါ်တွင်သာ အဓိကထားစစ်ဆေးကြားနာရသည့် တရားရုံးသဘောဆောင်သော (Quasi–Judicial Function) သာဖြစ်၍ နောက်မှအကြံရ၍ထုချေခြင်းဟု ကောက်ယူသုံးသပ်ခြင်းမပြုနိုင်ပါကြောင်း၊ တင်ပြသော သက်သေခံအထောက်အထားစာရွက်စာတမ်းမှာ အတု၊ အလိမ်ဖြစ်ကြောင်း ပေါ်ပေါက်ပါက မမှန်သက်သေခံမှုဖြင့် ခုံအဖွဲ့ကတရားစွဲဆိုခွင့်ရှိမည်ဖြစ်ပါကြောင်း၊ ယခုပြန်လည်သုံးသပ်ပေးစေလိုမှုလျှောက်ထားရာတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၇၊ နည်းဥပဒေ (၁) အရ သက်သေခံချက်အသစ်များအဖြစ် Declaration No.100151654741 (6–8–2020) (By Air)၊ Declaration No.100150613401 (25–7–2020) (By Road) နှင့် Declaration No.100132495960 (15–1–2020) (By Air) တို့ကို တင်ပြပါကြောင်း၊ ဤအမှုမှ သိမ်းဆည်းခဲ့သော ပစ္စည်း (၈) မျိုးအတွက် ဌာနဆိုင်ရာ Inventory ပါ အရေအတွက်၊ မူလအယူခံမှုတွင်တင်ပြခဲ့သော ID နှင့် ယခုထပ်မံတင်ပြသော ID ပါ အရေအတွက်တို့ကို ယှဉ်တွဲတင်ပြအပ်ပါကြောင်း၊ ယင်းသို့ နှိုင်းယှဉ်ချက်အရ Redmi 10X (356) လုံး၊ Redmi K 30 (756) လုံး၊ Redmi Note 8 Pro (838) လုံးနှင့် Redmi Power Bank 10000 mAh (990) ခုတို့ကိုသာ ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းခွင့်ရှိပြီး ကျန်ဖုန်းများမှာ အခွန်ဆောင်ပြီးဖြစ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမပြုနိုင်ပါကြောင်း၊ အခွန်ပေးဆောင်ပြီး ID တင်ပြနိုင်သည့် Redmi 9 (1298) လုံး၊ Redmi Note 9 Pro (218) လုံး၊ Redmi Note 9 (25) လုံး၊ Redmi Note 8 (953) လုံးတို့အား ပြန်လည်ထုတ်ပေးသင့်ပါကြောင်း၊ ခုံအဖွဲ့၏ စီရင်ချက်တွင် “၂၀၁၉ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ဝယ်ထားရှိသူအား ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ်ပေးဆောင်ရမည်ဟု ပြဋ္ဌာန်းထားသည်ဖြစ်ရာ အကောက်ခွန်ဦးစီးဌာနက (1AV) တပ်ရိုက်ခြင်းသည် များပြားသည်ဟုမဆိုနိုင်ကြောင်း သုံးသပ်ရပါသည်” ဟု ဖော်ပြထားပါကြောင်း၊ ယင်းဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) တွင် ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်ဟုသာပါရှိပြီး ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် ပြဋ္ဌာန်းချက်မပါရှိသကဲ့သို့ ၁၀၀ ရာခိုင်နှုန်းအပြင် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ထပ်မံကောက်ခံရန် ပြဋ္ဌာန်းချက်မပါရှိသဖြင့် ဤအမှုမှ ပစ္စည်းများကို (1AV) အပြင် CD+CT ထပ်ဆောင်းကောက်ခံရန် ဖော်ပြထားခြင်းသည် အလွန်ပြင်းထန်သောပြစ်ဒဏ်ဖြစ်ပါကြောင်း၊ သို့ပါ၍ အကောက်ခွန်ဦးစီးဌာန၊ မန္တလေးမြို့၏ ၂၉–၁၂–၂၀၂၀ ရက်စွဲပါ အမိန့်စာအမှတ်၊ ၁၁–မလ/၂၀၂၀ (အထူး) (၀၀၄) နှင့် အခွန်အယူခံခုံအဖွဲ့၏ ၁–၂–၂၀၂၂ ရက်စွဲပါ စီရင်ချက်အမိန့်တို့ကို ရုံးတော်ကပယ်ဖျက်ပြီး ID နှင့် အကျုံးဝင်သည့် ဖုန်းများကို ပြန်လည်ထုတ်ယူခွင့်ပြုပြီး ID တင်ပြနိုင်ခြင်းမရှိသော ပစ္စည်းများကို ထိုက်သင့်သော ရွေးယူဒဏ်ကြေးဖြင့် ထုတ်ယူခွင့်ပြုသည့် အမိန့်တစ်ရပ် ချမှတ်ပေးစေလိုပါကြောင်း လျှောက်လဲသည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၁၅/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲ ဖ၇၁ဖ ရဲအုပ် အောင်နိုင် အား မူလရာထူးအဆင့်ဖြစ်သော ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြန်လည်တိုးမြှင့်ခန့်ထားပြီး ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၀၁၈/၂၀၂၂)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မရမ်းကုန်းမြို့၊ အမှတ် (၂) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁ဖ/သမိုင်း)၊ မြေကွက်အမှတ် (၃၇/က^၄) ရှိ စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အထည်စက်ရုံအမှတ် (ဖ) အမည်ပေါက် **မြေဧရိယာ ၀.၇၇၀ ဧက** အား စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်စွဲပါ စာအမှတ် ၅၀၉ (၃၇)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြား လာပါသည်။

စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အထည်စက်ရုံအမှတ် (ဖ) မှ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၇၇၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၀၁၉/၂၀၂၂)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ်/အမည် (၂၄/ တိုးချဲ့မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၁၁၇၊ ၁၁၈) တို့ရှိ **မြေဧရိယာ ၀.၁၁၀ ဧက** အား **တိုင်းဒေသကြီးကုန်တင်ကုန်ချ ကော်မတီရုံး** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **တနင်္သာရီ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၂၀/၂၀၂၂)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ်/အမည် (၄၆/ရွှေတောင်)၊ ဦးပိုင်အမှတ် (၄၂^ဃ) ရှိ **သီရိမင်္ဂလာပဲခူးကျောင်း** အခွန်လွတ်သာသနာ့ **မြေဧရိယာ ၀.၁၂၇ ဧက** အနက်မှ **၀.၀၃၀ ဧက** အား ဗုဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ သိမ်ဒါယကာ ဦးစိုးမြင့် [၁၀/မလမ (နိုင်) ၀၈၆၇၂၀] အား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၂၁/၂၀၂၂)

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်၊ ငပလီမြို့၊ လင်းသာရပ်ကွက်၊ ကွင်းအမှတ်/အမည် (၂၀၅/လင်းသာမြောက်ကွင်း)၊ ဦးပိုင်အမှတ် ($\frac{၈၂}{၄၃၅}$) ရှိ **မြေဧရိယာ ၀.၇၉ ဧက** အား ငပလီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **ဌာနပိုင်ရုံးအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၂၂/၂၀၂၂)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၃၅/မန္တလေး)၊ ဦးပိုင်အမှတ်-၃^ခ ရှိ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနပိုင် **မြေဧရိယာ ၂.၃၄၅ ဧက** အနက် **မြေဧရိယာ ၀.၉၇၆ ဧက** အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၃၆)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၉၇၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၀၂၄/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့၊ လိပ်အင်းရပ်ကွက်၊ အကွက်အမှတ်/အမည် (၂၁/ခရစ်ယာန်သင်္ချိုင်းတောင်အကွက်)၊ ဦးပိုင်အမှတ် (၄^င၊ ၇^င၊ ၈^ဆ) တို့ရှိ မြေဧရိယာ ၃.၃၆၆ ဧကနှင့် (၂၂/ခရစ်ယာန်

သချိုင်းအကွက်)၊ ဦးပိုင်အမှတ် (၆ᶜ) ရှိ မြေဧရိယာ ၁.၁၉၃ ဧက **စုစုပေါင်းမြေဧရိယာ ၄.၅၅၉ ဧက** အား **နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၂၇/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးကြီး (၃) ဦးတို့အား ယာယီခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်–

(၁) ရဲ ၁၇၃၄ ယာယီရဲမှူးကြီး အောင်စိုး — ၂–၁၁–၂၀၂၂
ကွပ်ကဲမှုအဖွဲ့ခွဲမှူး
အမှတ် (၄) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲ
(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီးတွဲ)

(၂) ရဲ ၁၈၆၂ ယာယီရဲမှူးကြီး အောင်မြတ်သူ — ၂–၁၁–၂၀၂၂
ဌာနမှူး
စီမံရေးနှင့် အုပ်ချုပ်ရေးဌာန
မှုခင်းရဲတပ်ဖွဲ့

(၃) ရဲ ၂၅၈၈ ယာယီရဲမှူးကြီး စိုးနိုင် — ၈–၁၁–၂၀၂၂
ဌာနမှူး
ကြီးကြပ်ရေးနှင့် မှုခင်းမှတ်တမ်းဌာန
မှုခင်းရဲတပ်ဖွဲ့

**အမိန့်ကြော်ငြာစာ (၁၀၃၂/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်နှင့် အမည် (ပြင်/ဇွေကိုးကျင်း)၊ ဦးပိုင်အမှတ် (၁၇/၁) ရှိ **သဒ္ဓမ္မပဋ္ဌောတာရုံကျောင်းတိုက် အခွန်လွတ် သာသနာမြေဧရိယာ ၁၁.၄၄ ဧက** အနက်မှ **၀.၁၈ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမ သီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယိကာမ ဒေါ်ရွှေမိတင် [၈/မကန (နိုင်) ၀၀၉၇၁၉] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၄၁/၂၀၂၂)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဆည်ပေါက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၂၀၂၈/မကျီးညီမ)၊ ဦးပိုင်အမှတ် ($N_{၆}$)၊ မြေကွက်အမှတ် ($\frac{၄၀}{၂၀၂}$) **မြေဧရိယာ ၀.၀၉ ဧက** ရှိမြေအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ **သတင်းရဲတပ်ဖွဲ့ရုံး** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၄၂/၂၀၂၂)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ မြို့မ (၃) ရပ်ကွက်၊ အကွက်အမှတ်/အမည် (၃ᶜ/ပိန္နဲတိုက်ကျောင်းရပ်)၊ ဦးပိုင်အမှတ် (၂၆၅ᵃ/၉၀ᵃ) ရှိ **မြေဧရိယာ ၀.၈၁၀ ဧက** အား **မုဒုံမြို့နယ်တရားရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၄၃/၂၀၂၂)

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်ကို မူလက မြို့ (၃) မြို့၊ ရပ်ကွက် (၃၀) ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၂) အုပ်စု၊ ကျေးရွာ (၁၁၅) ရွာဖြင့် ဖွဲ့စည်းထားရှိပြီး မြေဧရိယာ ၆၃၇၆ ကေဖြင့် ဖွဲ့စည်းထားသော ဒေါပေါ်ကလဲကျေးရွာအုပ်စုအတွင်းမှ မြေဧရိယာ ၁၄၈ ကေ အကျယ်အဝန်းရှိ **ဘာဒိုကျေးရွာ** အား **ဘာဒိုရပ်ကွက်** အဖြစ်လည်းကောင်း၊ မြေဧရိယာ ၃၁၇ ကေ အကျယ်အဝန်းရှိ **ထေးငှားလျားကျေးရွာ** အား **ထေးငှားလျားရပ်ကွက်** အဖြစ်လည်းကောင်း ရပ်ကွက် (၂) ရပ်ကွက် တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာ (၂) ရွာ ပယ်ဖျက်ခြင်း၊ ကျန်ရှိသော မြေဧရိယာ ၅၉၁၁ ကေဖြင့် ဒေါပေါ်ကလဲကျေးရွာအုပ်စုအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ မြေဧရိယာ ၅၀၁၂ ကေဖြင့် ဖွဲ့စည်းထားသော ပန်ကန်းကျေးရွာအုပ်စုအတွင်းမှ မြေဧရိယာ ၃၈၅ ကေ အကျယ်အဝန်းရှိ **ရွာတန်းရှည်ကျေးရွာ** အား **ရွာတန်းရှည်ရပ်ကွက်** အဖြစ် ရပ်ကွက် (၁) ရပ်ကွက် တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာ (၁) ရွာ ပယ်ဖျက်ခြင်း၊ ပန်ကန်းကျေးရွာအုပ်စုရှိ မြေဧရိယာ ၅၇၀ ကေအား ကေ ၅၀၀ ရပ်ကွက်အတွင်း ထည့်သွင်းဖွဲ့စည်း၍ **ကေ ၅၀၀ ရပ်ကွက်** အား **အောင်သီဟရပ်ကွက်** အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခြင်း၊ ကျန်ရှိသော မြေဧရိယာ ၄၀၅၇ ကေဖြင့် ပန်ကန်းကျေးရွာအုပ်စုအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ မြေဧရိယာ ၁၄၀၉၀ ကေဖြင့် ဖွဲ့စည်းထားသော နွားလပိုးကျေးရွာအုပ်စုအတွင်းမှ မြေဧရိယာ ၁၀၅ ကေ အကျယ်အဝန်းရှိ **မြေနီကုန်းကျေးရွာ** အား **မြေနီကုန်းမြို့ဦးရပ်ကွက်** အဖြစ် ရပ်ကွက် (၁) ရပ်ကွက် တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာ (၁) ရွာ ပယ်ဖျက်ခြင်း၊ ကျန်ရှိသော မြေဧရိယာ ၁၃၉၈၅ ကေဖြင့် နွားလပိုးကျေးရွာအုပ်စုအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ လွိုင်ကော်မြို့အား မူလက ရပ်ကွက် (၁၉) ရပ်ကွက်၊

မြေဧရိယာ ၇၃၃၁ ကေဖြင့် ဖွဲ့စည်းထားရာမှ ရပ်ကွက် (၂၃) ရပ်ကွက်၊ မြေဧရိယာ ၈၈၅၆ ကေဖြင့် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **ရပ်ကွက် (၄) ရပ်ကွက် တိုးချဲ့ဖွဲ့စည်းပြီး ရပ်ကွက် (၁) ရပ်ကွက် နယ်နိမိတ်ဧရိယာပြင်ဆင်၍ အမည်ပြောင်းလဲဖွဲ့စည်းခြင်း**

| မူလမြို့ | မူလရပ်ကွက် | ပြုပြင်ဖွဲ့စည်းပြီး မြို့ | ပြုပြင်ဖွဲ့စည်းပြီး ရပ်ကွက် |
|---|---|---|---|
| (၁) လှိုင်ကော် | (၁) နောင်ယား (က) | (၁) လှိုင်ကော် | (၁) နောင်ယား (က) |
| | (၂) နောင်ယား (ခ) | | (၂) နောင်ယား (ခ) |
| | (၃) ဒေါဥခူ | | (၃) ဒေါဥခူ |
| | (၄) မိုင်းလုံး | | (၄) မိုင်းလုံး |
| | (၅) မင်္ဂလာ | | (၅) မင်္ဂလာ |
| | (၆) ဓမ္မာရုံ | | (၆) ဓမ္မာရုံ |
| | (၇) ဈေးပိုင်း | | (၇) ဈေးပိုင်း |
| | (၈) ရွှေတောင် | | (၈) ရွှေတောင် |
| | (၉) လောဓမ္မ | | (၉) လောဓမ္မ |
| | (၁၀) ဒေါတမ | | (၁၀) ဒေါတမ |
| | (၁၁) ဒေါနိုးကူး | | (၁၁) ဒေါနိုးကူး |
| | (၁၂) ရှမ်းစု | | (၁၂) ရှမ်းစု |
| | (၁၃) မင်းစု | | (၁၃) မင်းစု |
| | (၁၄) နာနတ်တော | | (၁၄) နာနတ်တော |
| | (၁၅) နမ့်ဘော်ဝမ် (က) | | (၁၅) နမ့်ဘော်ဝမ် (က) |
| | (၁၆) နမ့်ဘော်ဝမ် (ခ) | | (၁၆) နမ့်ဘော်ဝမ် (ခ) |
| | (၁၇) **ကေ (၅၀၀)** | | (၁၇) **အောင်သီဟ** |
| | (၁၈) ထေးသမ | | (၁၈) ထေးသမ |
| | (၁၉) နမ့်ကွတ် | | (၁၉) နမ့်ကွတ် |
| | | | (၂၀) **ဘာဒို** |
| | | | (၂၁) **ထေးငှားလျား** |
| | | | (၂၂) **ရွာတန်းရှည်** |
| | | | (၂၃) **မြေနီကုန်းမြို့ဦး** |

**( ခ )　ကျေးရွာအုပ်စု (၃) အုပ်စု နယ်နိမိတ်ဧရိယာပြင်ဆင်ဖွဲ့စည်း၍ ကျေးရွာ (၄) ရွာ ပယ်ဖျက်ခြင်း**

| မူလကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| (၁) ဒေါပေါ်ကလဲ | (၁) ဒေါပေါ်ကလဲရွာကြီး | (၁) ဒေါပေါ်ကလဲ | (၁) ဒေါပေါ်ကလဲရွာကြီး |
| | (၂) ဒေါပေါ်ကလဲရွာငယ် | | (၂) ဒေါပေါ်ကလဲရွာငယ် |
| | (၃) ဘုရားနီ | | (၃) ဘုရားနီ |
| | (၄) ဒေါဆော်လီ | | (၄) ဒေါဆော်လီ |
| | (၅) **ဘာဒို** | | |
| | (၆) **ထေးငွားလျား** | | |
| (၂) ပန်ကန်း | (၁) ပန်ကန်း | (၁) ပန်ကန်း | (၁) ပန်ကန်း |
| | (၂) မှုံပြာ | | (၂) မှုံပြာ |
| | (၃) ထူဒူငံသ | | (၃) ထူဒူငံသ |
| | (၄) စိုက်ကွင်း (၃) | | (၄) စိုက်ကွင်း (၃) |
| | (၅) ဆန်းဘွန်း | | (၅) ဆန်းဘွန်း |
| | (၆) **ရွာတန်းရှည်** | | |
| (၃) နွားလပိုး | (၁) နွားလပိုးရွာမ | (၁) နွားလပိုး | (၁) နွားလပိုးရွာမ |
| | (၂) ထီရိ | | (၂) ထီရိ |
| | (၃) ကယမ်းသာယာ(တောင်) | | (၃) ကယမ်းသာယာ (တောင်) |
| | (၄) ကယမ်းသာယာ(မြောက်) | | (၄) ကယမ်းသာယာ (မြောက်) |
| | (၅) လင်ဖုံ (ပေါ်) | | (၅) လင်ဖုံ (ပေါ်) |
| | (၆) လင်ဖုံ (အောက်) | | (၆) လင်ဖုံ (အောက်) |
| | (၇) ကျောက်ကြီး (တောင်) | | (၇) ကျောက်ကြီး (တောင်) |
| | (၈) လယ်ထွဲရွာဟောင်း | | (၈) လယ်ထွဲရွာဟောင်း |
| | (၉) လယ်ထွဲရွာသစ် | | (၉) လယ်ထွဲရွာသစ် |
| | (၁၀) ပဒါညေး | | (၁၀) ပဒါညေး |
| | (၁၁) ထေးပလော်ခူ | | (၁၁) ထေးပလော်ခူ |
| | (၁၂) ဒေါခေါ်ခူ | | (၁၂) ဒေါခေါ်ခူ |

| မူလကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| | (၁၃) ထီးသူးကူး | | (၁၃) ထီးသူးကူး |
| | (၁၄) ပျားကနဲ | | (၁၄) ပျားကနဲ |
| | (၁၅) နွားလဝိုးစံပြ | | (၁၅) နွားလဝိုးစံပြ |
| | (၁၆) သပြေကုန်း | | (၁၆) သပြေကုန်း |
| | (၁၇) ကယန်းကြံခူ | | (၁၇) ကယန်းကြံခူ |
| | (၁၈) ၃ မိုင်ပကြဲစံပြ | | (၁၈) ၃ မိုင်ပကြဲစံပြ |
| | (၁၉) မော်ချီးစုစည်း | | (၁၉) မော်ချီးစုစည်း |
| | (၂၀) **မြေနီကုန်း** | | |

၂။ အထက်ဖော်ပြပါအတိုင်း ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်တွင် ရပ်ကွက် (၄) ရပ်ကွက် တိုးချဲ့ဖွဲ့စည်းခြင်း၊ ရပ်ကွက် (၁) ရပ်ကွက် နယ်နိမိတ်ဧရိယာပြင်ဆင်၍ အမည်ပြောင်းလဲဖွဲ့စည်း ခြင်းနှင့် ကျေးရွာအုပ်စု (၃) အုပ်စု နယ်နိမိတ်ဧရိယာပြင်ဆင်ဖွဲ့စည်း၍ ကျေးရွာ (၄) ရွာ ပယ်ဖျက်ခြင်း တို့ကြောင့် လွိုင်ကော်မြို့နယ်အတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် လွိုင်ကော်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၀၅၁/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၉၉/က)၊ မြေကွက်အမှတ် (စ/၆၈^စ-၁) ရှိ **ရွှေသာစည်မဟာစည်ရိပ်သာကျောင်းတိုက်** အခွန်လွတ် သာသနာ့ **မြေဧရိယာ ၀.၁၁၃ ဧက** အနက်မှ **၀.၀၁၁၄ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၅၂ နှင့်အညီ သိမ်ဒါယကာ ဒါယိကာမ ဦးဇေယျဇော် + ဒေါ်မိုးသန္တာ အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

အမှတ် ၆၈၇/၂၀၂၂။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးတင်မောင်ဆွေ အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၆၉၇/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း အား အသက် (၆၂) နှစ်ပြည့်ပြီးနောက် လက်ရှိရာထူးနေရာတွင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် နံနက်ပိုင်းမှစတင်၍ ဒုတိယအကြိမ် တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည်။

ဝဏ္ဏမောင်လွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၀၃၀/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးအား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ **၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် (တနင်္လာနေ့) မှစ၍** တိုးမြှင့်ခန့်ထားလိုက်သည်-

| **စဉ်** | **အမည်** | **ရာထူး** |
|---|---|---|
| ၁။ | ဦးကျော်စွာဝင်း | ညွှန်ကြားရေးမှူး |
| ၂။ | ဦးကျော်ဇေယျ | ညွှန်ကြားရေးမှူး |

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤလုပ်ထုံးလုပ်နည်းများကို အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ဥပဒေ** ဆိုသည်မှာ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို ဆိုသည်။

(ခ) **အမျိုးသားရေးတန်ဖိုးရှိမှတ်တမ်း** ဆိုသည်မှာ အမျိုးသားရေး သို့မဟုတ် သမိုင်းဆိုင်ရာ အထောက်အထားများနှင့် အချက်အလက်များပါရှိသည့် မည်သည့်ပုံစံနှင့်မဆို မှတ်တမ်းတင်ထားသည့် နိုင်ငံတော်အဆင့် ရေရှည်ထိန်းသိမ်းထားရမည့် မှတ်တမ်းကို ဆိုသည်။

(ဂ) **အထောက်အထားတန်ဖိုး** ဆိုသည်မှာ မှတ်တမ်းများ၏ ရည်ညွှန်းကိုးကားနိုင်သော သက်သေခံအဖြစ် အသုံးပြုနိုင်သော တန်ဖိုးကို ဆိုသည်။

(ဃ) **မှတ်တမ်းစီမံခန့်ခွဲမှု** ဆိုသည်မှာ မှတ်တမ်းစတင်ပြုစုပြီး သို့မဟုတ် ဆောင်ရွက်ပြီးနောက် သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်းခံရသည်အထိ မှတ်တမ်းသက်တမ်းထိန်းချုပ်ခြင်းကို ဆိုသည်။

(င) **မော်ကွန်းစီမံခန့်ခွဲရေး** ဆိုသည်မှာ ရေရှည်သိမ်းဆည်းရန် သတ်မှတ်ထားသည့် မော်ကွန်းများကို ဦးစီးဌာနက လွှဲပြောင်းရယူပြီးနောက် ရည်ညွှန်းကိုးကားနိုင်သည်အထိ အဆင့်ဆင့်သော မော်ကွန်းလုပ်ငန်းထိန်းချုပ်ခြင်းကို ဆိုသည်။

(စ) **လုံခြုံမှုအဆင့်သက်တမ်းရှိမော်ကွန်း** ဆိုသည်မှာ ဥပဒေအရ သတ်မှတ်ထားသည့် ထိန်းသိမ်းကာလ မကုန်ဆုံးသေးသော ထိပ်တန်းလျှို့ဝှက်၊ လျှို့ဝှက်၊ အတွင်းရေးနှင့် ကန့်သတ်အဆင့်ရှိ မော်ကွန်းကို ဆိုသည်။

(ဆ) **လုံခြုံမှုအဆင့်ရှိမှတ်တမ်း** ဆိုသည်မှာ ဥပဒေအရ သတ်မှတ်ထားသည့် ထိန်းသိမ်းကာလ ကုန်ဆုံးသည်ဖြစ်စေ၊ မကုန်ဆုံးသည်ဖြစ်စေ အမျိုးသားလုံခြုံရေးအရ ထိပ်တန်းလျှို့ဝှက်နှင့် လျှို့ဝှက်အဆင့် သတ်မှတ်ထားသော မှတ်တမ်းကို ဆိုသည်။

( ဇ ) **နှုတ်ပြောသမိုင်း (Oral History)** ဆိုသည်မှာ နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးစသည့် ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးမှ အရေးပါသော ပုဂ္ဂိုလ်များ၊ ထင်ရှားသောပုဂ္ဂိုလ်များ၏ ကိုယ်တိုင်ပါဝင် တွေ့မြင်ခဲ့သည်များကို အနာဂတ်သုတေသီများ လေ့လာနိုင်ရန် အသံစနစ်ဖြင့် ဖမ်းယူစုဆောင်းထားသော အချက်အလက်များကို ဆိုသည်။

( ဈ ) **ပုံစံ** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော ပုံစံကို ဆိုသည်။

## အခန်း (၂)

## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၃။ ဝန်ကြီးဌာနသည် ကြီးကြပ်ရေးအဖွဲ့တွင် အခြားအဖွဲ့အစည်းများမှ နိုင်ငံသားပညာရှင်နှင့် အခြားသင့်လျော်သော သက်ဆိုင်ရာကျွမ်းကျင်သူ နိုင်ငံသားများကို အစိုးရအဖွဲ့က ထည့်သွင်းဖွဲ့စည်းနိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အခြားအဖွဲ့အစည်းများထံမှ နိုင်ငံသားပညာရှင်များ၏ အမည်စာရင်းတောင်းခံခြင်း၊

( ခ ) အခြားသင့်လျော်သော သက်ဆိုင်ရာ ကျွမ်းကျင်သူ နိုင်ငံသားများ၏ အမည်စာရင်းပြုစုခြင်း။

## အခန်း (၃)

## ကြီးကြပ်ရေးအဖွဲ့၏ သက်တမ်းနှင့် အစည်းအဝေးများ ကျင်းပခြင်း

၄။ ကြီးကြပ်ရေးအဖွဲ့၏ သက်တမ်းသည် အစိုးရအဖွဲ့၏ သက်တမ်းအတိုင်းဖြစ်သည်။

၅။ ကြီးကြပ်ရေးအဖွဲ့၏ ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ် ကျင်းပရမည်။

၆။ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌသည် လိုအပ်ပါက အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

၇။ ကြီးကြပ်ရေးအဖွဲ့၏ အဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော်တက်ရောက်ပါက အစည်းအဝေးအထမြောက်သည်။

၈။ ကြီးကြပ်ရေးအဖွဲ့သည် အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် အစည်းအဝေးဆုံးဖြတ်ချက်များကို ချမှတ်ရမည်။ ယင်းဆုံးဖြတ်ချက်သည်အတည်ဖြစ်သည်။

## အခန်း (၄)

## နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကြီးကြပ်ရေးအဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းနှင့် အစားထိုးဖွဲ့စည်းခြင်း

၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးအဖွဲ့ဝင်တစ်ဦးဦးသည် မိမိဆန္ဒအလျောက်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုပါက ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသို့ စာဖြင့်တင်ပြရမည်။ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် ယင်းတင်ပြချက်ကို အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၀။ ကြီးကြပ်ရေးအဖွဲ့သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးအဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက အဖွဲ့ဝင်အဖြစ်မှ ရပ်စဲနိုင်ရေးအတွက် အစိုးရအဖွဲ့သို့ တင်ပြရမည်-

(က) ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်ခြင်း၊

(ခ) တာဝန်ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိသည့် အတိုင်းအတာအထိ ကျန်းမာရေးချို့ယွင်းခြင်း၊

(ဂ) ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(ဃ) လူမွဲအဖြစ် ကြေညာခံရခြင်း၊

(င) ကွယ်လွန်ခြင်း။

၁၁။ ကြီးကြပ်ရေးအဖွဲ့သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးအဖွဲ့ဝင်တစ်ဦးဦး လစ်လပ်ပါက အစားထိုး ဖွဲ့စည်းနိုင်ရေးအတွက် အစိုးရအဖွဲ့သို့ ဝန်ကြီးဌာနမှတစ်ဆင့် တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

## အခန်း (၅)

## ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ ကြီးကြပ်ရေးအဖွဲ့သည် ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ရန် အောက်ပါ အတိုင်း ဆောင်ရွက်ရမည်-

(က) မှတ်တမ်းစီမံခန့်ခွဲမှုနှင့် မော်ကွန်းစီမံခန့်ခွဲရေးတို့အတွက် အမျိုးသားရေးတန်ဖိုး၊ သမိုင်းဆိုင်ရာတန်ဖိုးရှိ မှတ်တမ်းများရယူစုဆောင်းရန်၊ ထိန်းသိမ်းရာတွင် ရေရှည်တည်တံ့နေစေရန်အတွက် ခေတ်မီနည်းစနစ် များဖြင့် အဆင့်ဆင့်ကူးပြောင်းထိန်းသိမ်းရန်နှင့် နိုင်ငံသားတို့ အသုံးပြုနိုင်မှု ပိုမိုရရှိစေရန် မူဝါဒများ ချမှတ်ရမည်။

(ခ) ဦးစီးဌာနက လွှဲပြောင်းလက်ခံရရှိသော မှတ်တမ်းများကို အမျိုးသားရေးတန်ဖိုး၊ သမိုင်းဆိုင်ရာတန်ဖိုး ရှိ မရှိ နှင့် မော်ကွန်းအဖြစ် သတ်မှတ်ပေးရန် တင်ပြလာခြင်းနှင့်ပတ်သက်၍ မှတ်တမ်းများကို အောက်ဖော်ပြပါ မော်ကွန်းစံ (၁၁) ချက်နှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်၍ အတည်ပြုဆုံးဖြတ်ပေးရမည်-

(၁) မြန်မာနိုင်ငံသမိုင်း၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် နိုင်ငံအုပ်ချုပ်ရေး စသည်တို့နှင့်စပ်လျဉ်းသည့် အထောက်အထားများ၊ အချက်အလက်များပါရှိခြင်း၊

(၂) အမျိုးသားရေးလက္ခဏာဆောင်ခြင်း၊

(၃) နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သိပ္ပံ၊ စက်မှု၊ ဆေးပညာ စသည်တို့နှင့်သက်ဆိုင်ခြင်း၊

(၄) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့၏ မူဝါဒ၊ စီမံကိန်းနှင့် စီမံချက်တို့ဖြစ်ခြင်း၊

(၅) ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းစနစ်၊ လက်စွဲစသည်တို့နှင့် ယင်းတို့ ဖြစ်ပေါ်လာရေးတွင် ပါဝင်ပတ်သက်သည့် စာရွက်စာတမ်းများဖြစ်ခြင်း၊

(၆) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့၏ နှစ်ချုပ်အစီရင်ခံစာများနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ချက် အစီရင်ခံစာများဖြစ်ခြင်း၊

(၇) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့၏ အရေးကြီးသော အစည်းအဝေးမှတ်တမ်းများဖြစ်ခြင်း၊

(၈) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့၏ ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံ တိုးချဲ့မှု၊ ပြုပြင်မှု၊ ပေါင်းစပ်မှု၊ ပြောင်းလဲမှု စသည်တို့ဖြစ်ခြင်း၊

(၉) နိုင်ငံတော်မှ ကဏ္ဍအသီးသီးတွင် ဆောင်ရွက်ခဲ့သည့် အရေးပါသော ကိန်းဂဏန်းစာရင်းအင်းတို့ ဖြစ်ခြင်း၊

(၁၀) နိုင်ငံ၏ အရေးပါသော ပုဂ္ဂိုလ်များ၊ ထင်ရှားသောပုဂ္ဂိုလ်များနှင့်ပတ်သက်ခြင်း၊

(၁၁) မှတ်သားသင့် မှတ်သားထိုက်သော နိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် သက်ဆိုင်ခြင်း။

( ဂ ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက လုပ်ငန်းလိုအပ်ချက်အရ လွှဲပြောင်း ပေးခဲ့သော တိုက်ပိုင်စာရင်းသွင်းပြီးသည့် မူရင်းမှတ်တမ်း သို့မဟုတ် မော်ကွန်းကို လုပ်ငန်းလိုအပ်ချက် အရ ပြန်လည်လွှဲပြောင်းပေးရန်တောင်းခံလာပါက ခိုင်လုံသော အကြောင်းပြချက်ဖြစ်သည့် အောက်ပါ သတ်မှတ်ချက်များနှင့်ညီညွတ်လျှင် ခွင့်ပြုရန် ဆုံးဖြတ်ပေးရမည်-

(၁) နိုင်ငံတော်၏ အကျိုးစီးပွားကိစ္စများ ဆောင်ရွက်ရန်ဖြစ်ခြင်း၊

(၂) နိုင်ငံတော်က ပါဝင်ချုပ်ဆိုခဲ့သည့် စာချုပ်များ၊ သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာ များအား ပြန်လည်ချုပ်ဆိုရန်ဖြစ်ခြင်း၊

(၃) ဥပဒေနှင့် ဆက်နွှယ်သော အထောက်အထားအဖြစ် တင်ပြရန် အမှန်တကယ်လိုအပ်ခြင်း။

(ဃ) အပိုဒ်ခွဲ (ဂ) အရ လွှဲပြောင်းပေးခဲ့သော မူရင်းမှတ်တမ်း သို့မဟုတ် မော်ကွန်းကို လုပ်ငန်းများ ဆောင်ရွက် ပြီးစီးပါက ဦးစီးဌာနသို့ ပြန်လည်အပ်နှံစေရမည်။

( င ) ပြည်ပနိုင်ငံ သို့မဟုတ် အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ လက်ဝယ်တွင်ရှိသော မှတ်တမ်း သို့မဟုတ် မော်ကွန်းတစ်ရပ်ရပ်သည် မော်ကွန်းစံတစ်ရပ်ရပ်နှင့်ကိုက်ညီပြီး နိုင်ငံတော်အတွက် လွှဲပြောင်း ရယူရန် သို့မဟုတ် ဝယ်ယူရန် ဦးစီးဌာနက တင်ပြလာလျှင် အောက်ပါမှတ်တမ်းနှင့် မော်ကွန်းများ ဖြစ်ပါက ခွင့်ပြုရန် အဆုံးအဖြတ်ပေးရမည်-

(၁) မြန်မာမင်းများလက်ထက်က မှတ်တမ်းများနှင့် မော်ကွန်းများ၊

(၂) လွတ်လပ်ရေးမရမီက အုပ်ချုပ်ခဲ့သည့် အစိုးရများလက်ထက်က မှတ်တမ်းများနှင့် မော်ကွန်းများ၊

(၃) လွတ်လပ်ရေးရပြီး အစိုးရအဆက်ဆက်လက်ထက်က မှတ်တမ်းများနှင့် မော်ကွန်းများ။

( စ ) လုံခြုံမှုအဆင့်ရှိမှတ်တမ်း သို့မဟုတ် လုံခြုံမှုအဆင့်သတ်မှတ်ရှိ မော်ကွန်းများကို အခြားအဖွဲ့အစည်း၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက လေ့လာကြည့်ရှုလိုကြောင်း ဦးစီးဌာနက တင်ပြလာပါက စိစစ်၍ အောက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်လျှင် ခွင့်ပြုရန် အဆုံးအဖြတ်ပေးရမည်-

(၁) နိုင်ငံတော်လုံခြုံရေး သို့မဟုတ် အမျိုးသားလုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွား မထိခိုက် နိုင်သော အကြောင်းအရာဖြစ်ခြင်း၊

(၂) ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျိုးစီးပွား မထိခိုက်နိုင်သော အကြောင်းအရာဖြစ်ခြင်း၊

(၃) နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးတို့နှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်၊ ထိလွယ်ရှလွယ်ဖြစ်သော ကိစ္စရပ်များ မပါရှိသော အကြောင်းအရာဖြစ်ခြင်း၊

(၄) လွှဲပြောင်းပေးခဲ့သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ သဘောတူခွင့်ပြုချက် ပါရှိခြင်း။

(ဆ) မော်ကွန်း (မူရင်း) တစ်ရပ်ရပ်ကို ပြည်ပသို့ ယူဆောင်ခွင့်ပြုရန် လျှောက်ထားသည့်ကိစ္စတွင် အောက်ပါ အချက်တစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိလျှင် ခွင့်ပြုရန် အဆုံးအဖြတ်ပေးရမည်-

(၁) အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာ မော်ကွန်းတိုက်ညီလာခံအဆင့်ရှိ ပြပွဲများ သို့မဟုတ် မြန်မာနိုင်ငံကပါဝင်ပြသမည့် ပြပွဲတစ်ခုခုတွင် ဆွေးနွေးရန် သို့မဟုတ် ပြသရန် လိုအပ်ခြင်း၊

(၂) ဥပဒေနှင့်ဆက်နွယ်သော အထောက်အထားအဖြစ် တင်ပြရန်ဖြစ်ခြင်း၊

(၃) ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဝယ်ယူခွင့်ရှိသော မော်ကွန်းဖြစ်ခြင်း၊

(၄) အများပြည်သူသိရှိရန် ထုတ်ဝေဖြန့်ချိထားသော်လည်း ကြီးကြပ်ရေးအဖွဲ့မှ မော်ကွန်းအဖြစ် သတ်မှတ်ထားသော ပုံနှိပ်မော်ကွန်းများဖြစ်ခြင်း။

( ဇ ) ဦးစီးဌာနတွင်ရှိသော မော်ကွန်းများကို ပျက်စီးဆုံးရှုံးမှုမရှိစေရန်အတွက် လုံခြုံစွာနှင့် ခေတ်မီနည်းပညာ များဖြင့် ကောင်းမွန်စွာထိန်းသိမ်းထားခြင်း ရှိ မရှိ ကို ခြောက်လတစ်ကြိမ် ပုံမှန်စစ်ဆေး၍ နည်းပညာ အကြံဉာဏ်များပေးရမည်။

( ဈ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးအဖွဲ့ဝင်များအတွက် အစည်းအဝေးတက်ရောက်ခြင်း၊ မှတ်တမ်းနှင့် မော်ကွန်းအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သင်တန်း၊ စာတမ်း ဖတ်ပွဲများတွင် ဦးဆောင်ပေးခြင်း၊ ကိုယ်တိုင်ပါဝင်ခြင်းတို့အတွက် ချီးမြှင့်ငွေနှင့် ခရီးစရိတ်၊ နေထိုင် တည်းခိုစရိတ်တို့ကို သတ်မှတ်ပေးရမည်။

## အခန်း (၆)

## ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပါ တာဝန်များကို အကောင်အထည်ဖော်ရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အခြားအဖွဲ့အစည်းများနှင့် အများပြည်သူတို့၏ လက်ဝယ်ရှိ မှတ်တမ်းများ ဦးစီးဌာနသို့ လွှဲပြောင်း ရယူရန် သို့မဟုတ် ဝယ်ယူရန်အတွက် ညှိနှိုင်းဆောင်ရွက်ရာတွင် အပိုဒ် ၁၂၊ အပိုဒ်ခွဲ (ခ) ပါ မော်ကွန်းစံ (၁၁) ချက်နှင့် ကိုက်ညီခြင်း၊ အမျိုးသားရေးတန်ဖိုး၊ သမိုင်းဆိုင်ရာ တန်ဖိုးတစ်ရပ်ရပ်နှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီးမှသာလျှင် ညှိနှိုင်းဆောင်ရွက်ရမည်။

( ခ ) မှတ်တမ်းစီမံခန့်ခွဲမှုနှင့် မော်ကွန်းစီမံခန့်ခွဲရေး လုပ်ငန်းများအား စနစ်တကျနှင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် စံသတ်မှတ်ချက်များနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အောက်ပါအတိုင်းသတ်မှတ်၍ ဆောင်ရွက်စေရမည်-

(၁) အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီနှင့် နိုင်ငံတကာမော်ကွန်းတိုက်များတွင် လိုက်နာကျင့်သုံးနေသည့် မှတ်တမ်းစီမံခန့်ခွဲမှုနှင့် မော်ကွန်းစီမံခန့်ခွဲရေး နည်းစနစ်များကို အခြေခံ၍ ဌာနလက်စွဲလုပ်ငန်းလမ်းညွှန် ပြုစုဆောင်ရွက်ခြင်း၊

(၂) ဖျက်ဆီးရန်လိုအပ်သည့် မှတ်တမ်းများအား စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရန် ခန့်ခွဲခြင်းစံ (Disposal Standard) များ ပြုစုခြင်း၊

(၃) မှတ်တမ်းထိန်းသိမ်းခန်းများအတွက် လိုက်နာရန်လိုအပ်သည့် စံသတ်မှတ်ချက် (Storage Standard) များ ပြုစုဆောင်ရွက်ခြင်း။

( ဂ ) ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (စ) အရလွှဲပြောင်းပြီးသော မှတ်တမ်းနှင့် မော်ကွန်းများအားတစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် အချိန်မီမရောက်ရှိနိုင်ခြင်းနှင့် မီးဘေးအပါအဝင် သဘာဝ ဘေးအန္တရာယ်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပေါ်ပေါက်လာပါက အခြားလုံခြုံစိတ်ချရသည့်နေရာတွင် ထိန်းသိမ်းထားရှိရန်၊ ကြီးကြပ်ကွပ်ကဲရန်နှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး ကြီးကြပ်ကွပ်ကဲရမည်။

(ဃ) ဦးစီးဌာနတွင် ထိန်းသိမ်းထားရှိသည့် မှတ်တမ်းများမှ မော်ကွန်းဖြစ်လာနိုင်သည့် မှတ်တမ်းများကို ဦးစီးဌာနက အပိုဒ် ၁၂၊ အပိုဒ်ခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များဖြင့် စိစစ်ပြီး ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ အတည်ပြုချက် ရယူရမည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပါ လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ရန် အောက်ပါ အတိုင်း ဆောင်ရွက်ရမည်-

(က) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု၏ လက်ဝယ်ရှိ နိုင်ငံ့အမွေအနှစ် ရှားပါး အထောက်အထားများကို စိစစ်၍ လှူဒါန်းပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဝယ်ယူခြင်းတို့ကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်သည်။ မော်ကွန်းတန်ဖိုး တွက်ချက်ရန် လိုအပ်သည့် အဖိုးတန်မှတ်တမ်းနှင့် မော်ကွန်းများဝယ်ယူလိုပါက ကြီးကြပ်ရေးအဖွဲ့၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သည်။

( ခ ) လုံခြုံမှုအဆင့် သတ်မှတ်ချက်မရှိသော မှတ်တမ်းနှင့် မော်ကွန်းများအား အစိုးရဌာနတစ်ခုခုကိုဖြစ်စေ၊ အစိုးရအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ အခြားအဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ အောက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်လျှင် လေ့လာကြည့်ရှုခွင့်ပြုရမည်-

(၁) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ဌာန၏ ကိစ္စဖြစ်လျှင် ထိုဌာနအကြီးအကဲ သို့မဟုတ် ဌာနအကြီးအကဲမှ တာဝန်ပေးအပ်ထားသည့် ညွှန်ကြားရေးမှူးရာထူးအဆင့်ထက် မနိမ့်သော အရာထမ်း၏ ထောက်ခံချက်ပါရှိခြင်း၊

(၂) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ ဝန်ထမ်း၏ ကိုယ်ရေးကိုယ်တာကိစ္စဖြစ်လျှင် ထိုဌာန အကြီးအကဲ သို့မဟုတ် ဌာနအကြီးအကဲမှ တာဝန်ပေးအပ်ထားသည့် ညွှန်ကြားရေးမှူးရာထူးအဆင့်ထက် မနိမ့်သော အရာထမ်း၏ ထောက်ခံချက်နှင့် ဝန်ထမ်းသက်သေခံကတ်ပြားပါရှိခြင်း၊

(၃) အခြားအဖွဲ့အစည်းတစ်ရပ်ရပ်မှဖြစ်လျှင် အဖွဲ့အစည်း၏ ထောက်ခံချက်နှင့် နိုင်ငံသားစိစစ်ရေးကတ် ပါရှိခြင်း၊

(၄) ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်လျှင် ဌာနဆိုင်ရာတစ်ခုခုတွင် လက်ရှိတာဝန်ထမ်းဆောင်နေဆဲ ပြန်တမ်းဝင်အရာရှိတစ်ဦးဦး၏ ထောက်ခံချက် (မူရင်း) နှင့် နိုင်ငံသားစိစစ်ရေးကတ်ပါရှိခြင်း၊

(၅) ပုံစံ (၁)၊ (၂) နှင့် (၃) တို့ကို ပြည့်စုံစွာ ဖြည့်သွင်းပြီး ပုံစံတွင်ပါရှိသည့် စည်းကမ်းချက်များကို လိုက်နာပါမည်ဟု ဝန်ခံကတိပြုချက်ပါရှိခြင်း၊

(၆) မိတ္တူကူးယူခြင်းများအတွက် သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းခြင်း။

(ဂ) လုံခြုံမှုအဆင့်ရှိမှတ်တမ်း သို့မဟုတ် လုံခြုံမှုအဆင့်သက်တမ်းရှိ မော်ကွန်းများအား အောက်ပါအတိုင်း စိစစ်၍ အခါအားလျော်စွာ ဖတ်ရှုကိုးကားခွင့်ပြုနိုင်သည်-

(၁) မူလလွှဲပြောင်းပေးသည့်ဌာနမှ ရည်ညွှန်းကိုးကားလိုသည့် မှတ်တမ်းနှင့် မော်ကွန်းဖြစ်ခြင်း၊

(၂) ဌာနဆိုင်ရာများမှ နိုင်ငံတော်နှင့် အများပြည်သူတို့၏အကျိုးငှာ ရည်ညွှန်းကိုးကားရန် လိုအပ်ခြင်း၊

(၃) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့သည် ဌာနအကျိုးအတွက် ဖတ်ရှုရန် လိုအပ်ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနအကြီးအမှူး၏ ထောက်ခံချက်ပါရှိခြင်း၊

(၄) လိုအပ်ပါက ကြီးကြပ်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရယူခြင်း၊

(၅) ပုံစံ (၁)၊ (၂) နှင့် (၃) တို့ကို ပြည့်စုံစွာ ဖြည့်သွင်းပြီး ပုံစံတွင်ပါရှိသည့် စည်းကမ်းချက်များကို လိုက်နာပါမည်ဟု ဝန်ခံကတိပြုချက်ပါရှိခြင်း၊

(၆) မိတ္တူကူးယူခြင်းများအတွက် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းခြင်း။

(ဃ) ပြည်တွင်းတွင်ကျင်းပသည့် နိုင်ငံတော်အဆင့်အခမ်းအနားများနှင့် ပြပွဲများတွင်ခင်းကျင်းပြသရန် အတွက် လိုအပ်ပါက မော်ကွန်း (မူရင်း) များကို ဌာန၏ပြင်ပသို့ ထုတ်ယူခွင့်ပြုနိုင်သည်။

(င) ဦးစီးဌာနက ထိန်းသိမ်းထားရှိသည့် မှတ်တမ်းများအနက် အောက်ဖော်ပြပါ အခြေအနေအရ ဆက်လက် ထိန်းသိမ်းရန် မလိုအပ်သော မှတ်တမ်းများအဖြစ် သတ်မှတ်၍ ဖျက်ဆီးနိုင်သည်-

(၁) အမျိုးသားရေး၊ သမိုင်းဆိုင်ရာ၊ အုပ်ချုပ်ရေးနှင့် အထောက်အထားတန်ဖိုး မရှိတော့သည့် အတွက် ရေရှည်ထိန်းသိမ်းရန်မသင့်ဟု စစ်ဆေးတွေ့ရှိသော မှတ်တမ်းများဖြစ်ခြင်း၊

(၂) မှတ်တမ်းစာတွဲများ၏ ရုပ်ပိုင်းဆိုင်ရာအခြေအနေသည် ဆက်လက်ထိန်းသိမ်းထား၍ မရတော့သည့် အခြေအနေသို့ ရောက်ရှိနေသော မှတ်တမ်းများဖြစ်ခြင်း၊

(၃) အပိုမိတ္တူ (မိတ္တူပွား) များစွာရှိနေသော မှတ်တမ်းများဖြစ်ခြင်း။

( စ ) မှတ်တမ်းများအား ဖျက်ဆီးရာတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ဖျက်ဆီးရမည်-

(၁) ဖျက်ဆီးခွင့်တောင်းခံသည့် မှတ်တမ်းစာရင်းကို ပုံစံ (၆) တွင် ဖြည့်ပြီးခြင်း၊

(၂) ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ဦးစီးဌာနတွင်း သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကော်မတီတစ်ရပ်ဖွဲ့စည်း၍ စိစစ်ပြီးစီးခြင်း၊

(၃) အပိုဒ်ခွဲငယ် (၂) အရ ဖွဲ့စည်းသည့် ကော်မတီသည် မှတ်တမ်းများ၏ မူလလွှဲပြောင်းသူထံမှ အတည်ပြုချက်ရယူခြင်း၊ အတည်ပြုချက် ရယူနိုင်မှုမရှိသည့် ဌာနများအတွက် ကော်မတီမှ စိစစ်အတည်ပြုပေးခြင်း၊

(၄) မူလစာရင်းမှ ပယ်ဖျက်ခြင်း၊

(၅) မီးရှို့ဖျက်ဆီးခြင်း သို့မဟုတ် စက်ကိရိယာဖြင့် ဖျက်ဆီးခြင်း။

(ဆ) ဖျက်ဆီးပစ်မည့် စာရွက်စာတမ်း၊ မှတ်တမ်းတို့၏ အကြောင်းအရာများနှင့် အရေအတွက်များကို ဘဏ္ဍာရေးနှစ်အလိုက် အစီရင်ခံစာတွင် ဖော်ပြ၍ ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

( ဇ ) မှတ်တမ်းစီမံခန့်ခွဲမှုနှင့် မော်ကွန်းစီမံခန့်ခွဲရေး၏ အရေးပါမှုကို အများပြည်သူသိရှိနားလည်နိုင်ရန် အသိပညာပေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(၁) မှတ်တမ်းနှင့် မော်ကွန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် သင်တန်းပို့ချခြင်း၊

(၂) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် ပြုလုပ်သည့် သင်တန်းများ၌ မှတ်တမ်းနှင့် မော်ကွန်း ထိန်းသိမ်းခြင်း လုပ်ငန်းအကြောင်း ဆွေးနွေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၃) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ကွင်းဆင်းလေ့လာစေခြင်း၊

(၄) မှတ်တမ်းအသုံးပြုမှု အမျိုးအစားများ၊ မှတ်တမ်းခွဲခြားမှုဇယားများ၊ မှတ်တမ်းအကဲဖြတ်ခြင်းများ စသော မှတ်တမ်းစီမံခန့်ခွဲမှု အကြောင်းအရာများနှင့်စပ်လျဉ်းသည့် ဗဟုသုတအတွေ့အကြုံများ ဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(၅) မှတ်တမ်းစီမံခန့်ခွဲမှုနှင့် မော်ကွန်းစီမံခန့်ခွဲရေးကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်းနှင့် ဟောပြောခြင်း၊သတင်းစာများတွင် ရေးသားဖော်ပြခြင်း၊ အွန်လိုင်းကို အသုံးပြု၍ဝန်ဆောင်မှုပေးခြင်းနှင့် ထင်ရှားသော ပြကွက်များ ရွေးချယ်ပြသခြင်း၊ သတင်းအချက်အလက်များဖြင့် ပံ့ပိုးခြင်း၊

(၆) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ အခြေခံပညာ အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသားနှင့် ကျောင်းသူတို့ကို မှတ်တမ်းနှင့် မော်ကွန်းအရေးပါမှုအား သိရှိစေရန် ဖိတ်ကြား၍ ဦးစီးဌာန မော်ကွန်းပြခန်းအား လေ့လာစေခြင်း၊

(၇) ဦးစီးဌာနတွင် မော်ကွန်းပြခန်း ခင်းကျင်းပြသခြင်း၊

(၈) အခါအားလျော်စွာ ကျင်းပသော နိုင်ငံတော်ပြပွဲများတွင် ပါဝင်ပြသခြင်း၊

(၉) မော်ကွန်းစာစောင်၊ မော်ကွန်းလမ်းညွှန်၊ မော်ကွန်းအရှိစာရင်းတို့ကို ပုံနှိပ်ထုတ်ဝေခြင်း။

## အခန်း (၇)

## မှတ်တမ်းများလွှဲပြောင်းပေးခြင်း၊ လုံခြုံမှုအဆင့်နှင့် သက်တမ်းသတ်မှတ်ခြင်း

၁၅။ မှတ်တမ်းများ လွှဲပြောင်းပေးခြင်းနှင့်စပ်လျဉ်း၍–

(က) ကြီးကြပ်ရေးအဖွဲ့သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ မှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် အစိုးရအဖွဲ့ရုံးသို့ အောက်ပါအတိုင်း တင်ပြဆောင်ရွက်ရမည်–

(၁) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ မှတ်တမ်းများအား ထိရောက်စွာ လွှဲပြောင်းနိုင်ရေးအတွက် အစိုးရအဖွဲ့ရုံးမှ အမိန့်၊ ညွှန်ကြားစာများ ထုတ်ပြန်ပေးနိုင်ရန် တင်ပြခြင်း၊

(၂) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် မှတ်တမ်းခန်းများ ထားရှိနိုင်ရေးအတွက် အစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့် ကူညီပံ့ပိုးမှုရယူနိုင်ရန် ဆောင်ရွက်ခြင်း။

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မိမိတို့လက်ဝယ်ရှိ မှတ်တမ်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) မှတ်တမ်းများကို အသုံးပြုမှုအလိုက် အသုံးပြုဆဲ မှတ်တမ်း၊ တစ်ခါတစ်ရံတွင်သာ အသုံးပြုသည့် မှတ်တမ်းနှင့် အသုံးပြုဆဲမဟုတ်သည့် မှတ်တမ်းဟူ၍ မှတ်တမ်းအမျိုးအစားများကို (၃) မျိုး ခွဲခြား၍ ထားရှိရမည်၊

(၂) အသုံးပြုဆဲမဟုတ်သည့် မှတ်တမ်းများအား စိစစ်၍ ရေရှည်ထိန်းသိမ်းသင့်သည့် မှတ်တမ်းများကို ပုံစံ (၄) တွင် ဖြည့်သွင်းရမည်၊

(၃) ရေရှည်ထိန်းသိမ်းရန်လိုအပ်မည့် မှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရမည်။ အဆိုပါမှတ်တမ်းများ၏ လုံခြုံမှုအဆင့်ကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့က ပုံစံ (၄) ပါ လုံခြုံမှု အဆင့်သတ်မှတ်ချက်တွင် ဖြည့်စွက်ပေးရမည်။ မှတ်တမ်းများတွင် ထူးခြားချက်များပါရှိပါက ယင်းပုံစံ (၄) ပါ မှတ်ချက်တွင် ထည့်သွင်းရမည်၊

(၄) ပုံစံ (၄) ကို ပြီးပြည့်စုံစွာ ဖြည့်သွင်းပြီးပါက ဦးစီးဌာနသို့ ပေးပို့ရမည်၊

(၅) ဦးစီးဌာနမှ ထပ်မံစိစစ်ပြီးသော လွှဲပြောင်းပေးရန် သတ်မှတ်ထားသည့် မှတ်တမ်းစာရင်းများအား ပုံစံ (၅) တွင် ဖြည့်သွင်းခြင်း၊ လုံခြုံစွာထားရှိခြင်း၊ လွှဲပြောင်းလက်ခံရယူခြင်း ဆောင်ရွက်ရမည်၊

(၆) ဦးစီးဌာနမှ စိစစ်ထားသည့် လွှဲပြောင်းပေးရန် မလိုအပ်သော မှတ်တမ်းများအား ထိန်းသိမ်းကာလပြည့်ပြီးနောက် ဖျက်ဆီးခြင်း သို့မဟုတ် သက်ဆိုင်ရာဌာန၏ လိုအပ်ချက်အရ ဆက်လက် ဆောင်ရွက်ရမည်။

(ဂ) ဦးစီးဌာနသည် အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးဦးမှ ဆောင်ရွက်သော တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် မှတ်တမ်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် လွှဲပြောင်းရယူရန် အောက်ပါအတိုင်း ညှိနှိုင်းဆောင်ရွက်ရမည်–

(၁) အခြားအဖွဲ့အစည်းတစ်ရပ်ရပ်၊ ပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်ခဲ့သည့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော မော်ကွန်းဝင်မှတ်တမ်းများသည် နှစ်ကာလကြာမြင့်ပါက ပျောက်ပျက်

သွားနိုင်သောကြောင့် ရေရှည်ထိန်းသိမ်းထားနိုင်ရန်အတွက် ဦးစီးဌာနသို့ လှူဒါန်းပေးပါရန် သို့မဟုတ် ရောင်းချပေးပါရန် ပဏာမ တွေ့ဆုံညှိနှိုင်းခြင်း၊

(၂) အခြားအဖွဲ့အစည်းတစ်ရပ်ရပ်၊ ပုဂ္ဂိုလ်တစ်ဦးဦးလက်ဝယ်ရှိ မော်ကွန်းဝင်မှတ်တမ်းများသည် တိုင်းပြည်၏ အရေးပါသော မှတ်တမ်းများဖြစ်သောကြောင့် လှူဒါန်းလိုခြင်း သို့မဟုတ် ရောင်းချလိုခြင်းမရှိပါက ဒီဂျစ်တယ်စနစ်ဖြင့် မိတ္တူမှန်ကူးယူခွင့်ပြုပါရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၃) လွှဲပြောင်းရရှိလာသော မှတ်တမ်းနှင့် မော်ကွန်းများအား ရည်ညွှန်းကိုးကားခွင့် ပြု မပြု သဘောတူညီချက်ရယူခြင်း သို့မဟုတ် ရည်ညွှန်းကိုးကားနိုင်သည့် အချိန်ကာလသတ်မှတ်ချက် ရယူခြင်း။

၁၆။ ဖျက်သိမ်းမည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများရှိ မှတ်တမ်းများအား ဆက်ခံသူမရှိပါက ဦးစီးဌာနသို့ အောက်ပါအတိုင်း ညှိနှိုင်းဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တာဝန်ခံအရာရှိမှ မှတ်တမ်းစာရင်းများ ပြုစုတင်ပြခြင်း၊

(ခ) ဦးစီးဌာနက ရေရှည်ထိန်းသိမ်းထားသင့်သည့် တန်ဖိုးရှိမှတ်တမ်းများအား စိစစ်ရွေးချယ်ခြင်း၊

(ဂ) စိစစ်ရွေးချယ်ပြီးသည့် မှတ်တမ်းများအား လွှဲပြောင်းရယူနိုင်ရန် အစီအစဉ်များပြုလုပ်ခြင်း။

၁၇။ အီလက်ထရွန်နစ်နည်းပညာဖြင့် ဖန်တီးထားသော မှတ်တမ်းများကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဦးစီးဌာနသို့ ရုံးစာဖြင့် လွှဲပြောင်းပေးပို့နိုင်သည်။

## အခန်း (၈)

## မှတ်တမ်းနှင့် မော်ကွန်းများအား ကြည့်ရှုခွင့်နှင့် အသုံးပြုခြင်းဆိုင်ရာကိစ္စရပ်များ

၁၈။ မှတ်တမ်းနှင့် မော်ကွန်းများအား ကြည့်ရှုခွင့်နှင့် အသုံးပြုခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဦးစီးဌာနသည် အများပြည်သူဖတ်ရှုရန် ပုံနှိပ်ထုတ်ဝေပြီးသော မှတ်တမ်းများနှင့် ဥပဒေပုဒ်မ ၁၂ ပါ လုံခြုံမှုအဆင့် သက်တမ်းကုန်ဆုံးပြီးသော မော်ကွန်းများကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်း၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ကြည့်ရှုခွင့်နှင့် အသုံးပြုခွင့်ကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ဌာနဆိုင်ရာသုတေသီ ဖြစ်ပါက-

(၁) စာဖတ်ခွင့်လျှောက်လွှာနှင့်တကွ မိမိဌာန၏ အကြီးအကဲလက်မှတ်ရေးထိုးထားသော အမှာစာ သို့မဟုတ် ထောက်ခံစာ ပါရှိရမည်၊

(၂) စာဖတ်သူ၏ ဝန်ထမ်းကတ် (မူရင်း) ပါရှိရမည်-

(၃) သို့ရာတွင် ကြည့်ရှုခွင့်တောင်းခံသူနှင့် ထောက်ခံပေးသူ အရာရှိသည် တစ်ဦးတည်းမဖြစ်စေရ။

(ခ) ကျောင်းသား၊ ကျောင်းသူသုတေသီ ဖြစ်ပါက-

(၁) စာဖတ်ခွင့် လျှောက်လွှာနှင့်တကွ သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်မှ ဌာနမှူး သို့မဟုတ် ပါမောက္ခ၏ ထောက်ခံစာ သို့မဟုတ် ကျမ်းကြီးကြပ်သူ၏ ထောက်ခံစာ ပါရှိရမည်၊

(၂) လက်ရှိ တက်ရောက်နေသည့် ကျောင်းမှ ကျောင်းသားကတ်မူရင်း သို့မဟုတ် တက္ကသိုလ်၊ ကောလိပ်မှ ဝန်ထမ်းဆရာ၊ ဆရာမများဖြစ်ပါက လက်ရှိတာဝန်ထမ်းဆောင်နေသော ဌာနမှ ထုတ်ပေးထားသည့် ဝန်ထမ်းကတ်မူရင်းများ ပါရှိရမည်။

(ဂ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက-

(၁) စာဖတ်ခွင့်လျှောက်လွှာနှင့်တကွ ဌာနဆိုင်ရာတစ်ခုခုတွင် လက်ရှိတာဝန်ထမ်းဆောင်နေဆဲ ပြန်တမ်းဝင်အရာရှိတစ်ဦးဦး၏ ထောက်ခံချက် (မူရင်း) ပါရှိရမည်၊

(၂) နိုင်ငံသားစိစစ်ရေးကတ် (မူရင်း) ပါရှိရမည်။

(ဃ) နိုင်ငံခြားသားသုတေသီ ဖြစ်ပါက-

(၁) ကျောင်းသား၊ ကျောင်းသူများဖြစ်ပါက သက်ဆိုင်ရာတက္ကသိုလ်မှ ပါမောက္ခ သို့မဟုတ် ဌာနအကြီးအကဲ၏ ထောက်ခံစာ (မူရင်း) ပါရှိရမည်၊

(၂) ပြင်ပသုတေသီဖြစ်ပါက သက်ဆိုင်ရာဌာန အဖွဲ့အစည်း အကြီးအကဲ၏ ထောက်ခံစာ အပြည့်အစုံ သို့မဟုတ် သက်ဆိုင်ရာသံရုံး ထောက်ခံစာပါရှိရမည်၊

(၃) နိုင်ငံကူးလက်မှတ် (မူရင်း) ပြသရမည်။

(င) ပြီးပြည့်စုံသည့် ထောက်ခံစာ သို့မဟုတ် အမှာစာနှင့်အတူ ပုံစံ (၁)၊ (၂) နှင့် (၃) တို့အား ဖြည့်သွင်း၍ မှတ်တမ်းနှင့် မော်ကွန်းအထောက်အထားများအား ကြည့်ရှုခွင့်တောင်းခံရမည်။

(စ) ပြင်ပသုတေသီနှင့် နိုင်ငံခြားသားသုတေသီများသည် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းရမည်။

(ဆ) သုတေသီ တောင်းခံသည့် စာတွဲအထောက်အထားများသည် သုတေသနကျမ်းခေါင်းစဉ် သို့မဟုတ် ဖတ်ရှုခွင့်တောင်းခံသည့် ခေါင်းစဉ်အကြောင်းအရာများနှင့် ကိုက်ညီမှု ရှိရမည်။

(ဇ) ဦးစီးဌာနတွင်ရှိသော မှတ်တမ်းနှင့် မော်ကွန်းများအား ရည်ညွှန်းကိုးကားရန်အတွက် မိတ္တူကူးယူခြင်း၊ ကောက်နုတ်၊ ထုတ်နုတ် အသုံးပြုခြင်းတို့ကို ဆောင်ရွက်ခွင့်ပြုရန် ပုံစံ (၁)၊ (၂) နှင့် (၃) တို့ဖြင့် လျှောက်ထားလျှင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ၎င်းမှ တာဝန်ပေးအပ်သူ တာဝန်ခံအရာရှိက သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၉။ လုံခြုံမှုအဆင့်သက်တမ်း ကုန်ဆုံးပြီးသော မော်ကွန်းများဖြစ်သော်လည်း အောက်ပါအကြောင်းအရာများ ပါရှိပါက ကြည့်ရှုခွင့်နှင့် အသုံးပြုခွင့် မပြုဘဲထားနိုင်သည်-

(က) နိုင်ငံတော်လုံခြုံရေး သို့မဟုတ် အမျိုးသားလုံခြုံရေး၊ အမျိုးသားအကျိုးစီးပွားနှင့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျိုးစီးပွားထိခိုက်နိုင်သော အကြောင်းအရာဖြစ်ခြင်း၊

( ခ )　နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးတို့နှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်၊ ထိလွယ် ရှလွယ်သော အကြောင်းအရာ ကိစ္စရပ်များ ပါရှိခြင်း။

၂၀။　လုံခြုံမှုအဆင့်ရှိမှတ်တမ်းသို့မဟုတ် လုံခြုံမှုအဆင့်သက်တမ်းရှိမော်ကွန်းများကိုဖတ်ရှုလေ့လာရန်၊ သုတေသနပြုလုပ်ရန် သို့မဟုတ် အကိုးအကားပြုရန် ဌာနဆိုင်ရာသုတေသီများက တောင်းခံလာပါက အောက်ပါသတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်-

(က)　သက်ဆိုင်ရာဌာန အကြီးအကဲ ထောက်ခံချက်ပါရှိခြင်း၊

( ခ )　ဌာနအကျိုးအတွက် လိုအပ်သောကိစ္စရပ်ဖြစ်ခြင်း၊

( ဂ )　နိုင်ငံတော်မှ ပေးအပ်သော တာဝန်ဖြစ်ခြင်း၊

(ဃ)　ဌာနတစ်ခုနှင့် တစ်ခု ကူးပြောင်းရာတွင် လုပ်သက် ဆက်စပ်ခြင်းနှင့် ပင်စင်အကျိုးငှာ အထောက်အထား တင်ပြရန် လိုအပ်သည့် ကိစ္စရပ်များဖြစ်ခြင်း။

## အခန်း (၉)

## အထွေထွေ

၂၁။　ဦးစီးဌာနသည်အခြားအဖွဲ့အစည်းသို့မဟုတ်ပုဂ္ဂိုလ်တစ်ဦးဦးကပုံနှိပ်ထုတ်ဝေသည့်အမျိုးသားရေး တန်ဖိုး သို့မဟုတ် သမိုင်းဆိုင်ရာ တန်ဖိုးရှိသော အောက်ဖော်ပြပါ မှတ်တမ်းအမျိုးအစားများအား ဤဦးစီး ဌာနသို့ (၃) စုံစီ ပေးလှူရန် ဆက်သွယ်တောင်းခံနိုင်သည်-

(က)　စာအုပ်စာတမ်းများ၊

( ခ )　ဓာတ်ပုံမှတ်တမ်းများ၊

( ဂ )　ရုပ်သံမှတ်တမ်းများ၊

(ဃ)　အီလက်ထရွန်နစ် နည်းပညာဖြင့် ဆောင်ရွက်ထားသော မှတ်တမ်းများ၊

( င )　နှုတ်ပြောသမိုင်း (Oral History)။

၂၂။　ယခင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ၂၀၁၁ ပြည့်နှစ်၊ ဩဂုတ်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၁ ဖြင့် ထုတ်ပြန်ခဲ့သော အမျိုးသားမှတ်တမ်းနှင့် မော်ကွန်း ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဤလုပ်ထုံးလုပ်နည်းများဖြင့် ရုပ်သိမ်းလိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပုံစံ (၁)

**အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန**

**သုတေသနခန်းအသုံးပြုခွင့် တောင်းခံလွှာ**

---

အမည် – ရက်စွဲ။

နိုင်ငံသားစိစစ်ရေးကတ်အမှတ်/

မှတ်ပုံတင်အမှတ် –

အလုပ်အကိုင် –

---

နေရပ်လိပ်စာ တက္ကသိုလ် (သို့) ဌာနလိပ်စာ

လက်ရှိ –

အမြဲတမ်း –

တယ်လီဖုန်းအမှတ် –

E-mail လိပ်စာ –

---

ပညာအရည်အချင်း တက်ရောက်သည့်အတန်း

---

မိမိသိလို/ရေးသားနေသည့် အကြောင်းအရာ/စာတမ်း/ကျမ်း –

ဆောင်းပါး/အထောက်အထား –

---

ယခင်ကပြုစုခဲ့သည့် အကြောင်းအရာ/စာတမ်း/ကျမ်း –

----------------------

လျှောက်ထားသူလက်မှတ်

အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာပါမည်ဟု

ကတိပြုပါသည်–

၁။ သုတေသနခန်းတွင် တိတ်ဆိတ်စွာနေထိုင်လေ့လာပါမည်။

၂။ သုတေသနခန်းအတွင်းသို့ မည်သည့် အစားအသောက်ကိုမျှ ယူဆောင်ခြင်းမပြုပါ။

၃။ အထောက်အထားများအပေါ်တွင် ခဲ၊ မင် စသည်များဖြင့် ရေးခြစ်ခြင်းမပြုသည့်အပြင် ယင်းတို့ကို အောက်ခံအဖြစ်လည်း အသုံးမပြုပါ။

၄။ သုတေသနခန်းမှ မည်သည့်အထောက်အထား/ပစ္စည်းကိုမျှ ပြင်ပသို့ ယူဆောင်ခြင်းမပြုပါ။

၅။ သုတေသနခန်းတွင် ကွန်ပျူတာ/လက်ကိုင်ဖုန်း/Data များကူးယူနိုင်သော စက်ပစ္စည်းကိရိယာများကို အသုံးမပြုပါ။

၆။ သုတေသနခန်းတွင် ဆေးလိပ် လုံးဝမသောက်ပါ။

၇။ မိမိနှင့် ယူဆောင်လာသည့် ပစ္စည်းများအနက် မှတ်စုကူးရန် ပစ္စည်းမှအပ အခြားပစ္စည်းများကို သုတေသနခန်း အတွင်းသို့ ယူဆောင်ခြင်းမပြုပါ။

------------------------------

အသုံးပြုခွင့်တောင်းခံသူလက်မှတ်

ပုံစံ (၂)

**အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန**

**မှတ်တမ်း/မော်ကွန်းတောင်းခံလွှာ**

---

**တောင်းခံသူမှ ဖြည့်စွက်ရန်**

ဖတ်ရှုလိုသည့် မှတ်တမ်း/မော်ကွန်းအကြောင်းအရာ -

ဖတ်ရှုလိုသည့် မှတ်တမ်း/မော်ကွန်းများ၏ ခုနှစ် -

တောင်းခံသူအမည် -

လက်မှတ် -

ဌာန/ရာထူး -

ရက်စွဲ -

---

**သက်ဆိုင်ရာ ဝန်ထမ်းများမှ ဖြည့်ရန်**

မှတ်တမ်း/မော်ကွန်းများထားသိုခန်း -

မှတ်တမ်း/မော်ကွန်းအုပ်စု/စဉ် -

သက်ဆိုင်ရာအရာရှိ၏ မှတ်ချက် -

တာဝန်ခံအရာရှိ၏ မှတ်ချက် -

---

ခွင့်ပြုသည်/ခွင့်မပြုပါ။

------------

လက်မှတ်

ပုံစံ (၃)

## အမျိုးသားမှတ်တမ်းမျာမော်ကွန်းတိုက်ဦးစီးဌာန

## ပုံပွားမိတ္တူတောင်းခံလွှာ

ပုံပွားမိတ္တူ/ချဲ့-ချုံ့ မိတ္တူ/ဓာတ်ပုံမိတ္တူ/ဒီဂျစ်တယ်မိတ္တူ/အခြား

| စဉ် | အကြောင်းအရာ | အရွယ် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| | | | | |

### မူပိုင်ခွင့်ဝန်ခံကတိပြုချက်

၁။ ..........................................................................................................................................

.................................. ရန်အတွက် အထက်ပါမိတ္တူ (များ) ကို ရယူလိုပါသည်။

၂။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနက ပိုင်ဆိုင်ပြီး ထိန်းသိမ်းထားသော မှတ်တမ်း/မော်ကွန်းများကို သုတေသီများက ပုံပွားမိတ္တူကူးယူပြီးနောက် မည်သည့်အကြောင်းပြချက် (ပညာရေး သို့မဟုတ် ကိုယ်ရေးကိုယ်တာ သို့မဟုတ် အမြတ်အစွန်းရရှိရေး) ဖြင့်မဆို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ထပ်မံပုံပွားမိတ္တူ ဆောင်ရွက်ပေးခြင်းမပြုပါ။

အမည် ......................................  လက်မှတ် ......................................

ဌာန/အဖွဲ့အစည်း ......................................  ရက်စွဲ ......................................

လိပ်စာ ......................................

တယ်လီဖုန်း ......................................

ပုံစံ (၄)

**မှတ်တမ်းများစိစစ်ခွဲခြားခြင်းဇယား**

ဝန်ကြီးဌာန ..........................................................................................

ဦးစီးဌာန/လုပ်ငန်း/အဖွဲ့အစည်း ....................................................

| စဉ် | ခေါင်းစဉ်/ မှတ်တမ်းအကြောင်းအရာ | မှတ်တမ်းစတင် ဖန်တီးသည့် ခုနှစ် | ထိန်းသိမ်း ထားသည့်နှစ် | မော်ကွန်းဝင်မှတ်တမ်း/ မော်ကွန်းတိုက်သို့ လွှဲပြောင်းပေးသည့် မှတ်တမ်းအမျိုးအစား | လုံခြုံမှုအဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |

ပုံစံ (၅)

**အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန**

**မှတ်တမ်း/မော်ကွန်း**

**လွှဲပြောင်း/လက်ခံစာရင်းပုံစံ**

ဝန်ကြီးဌာန ..........................................................................

ဦးစီးဌာန/လုပ်ငန်း/အဖွဲ့အစည်း ..................................................

| စဉ် | အကြောင်းအရာ | အမျိုးအစား | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| | | | | |

လွှဲပြောင်းသူ

လက်မှတ်၊

အမည်၊

ရာထူး၊

ရက်စွဲ၊

လက်ခံသူ

လက်မှတ်၊

အမည်၊

ရာထူး၊

ရက်စွဲ၊

ပုံစံ (၆)

**အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန**

**မှတ်တမ်းများ ဖျက်ဆီးစာရင်း**

ဝန်ကြီးဌာန ..........................................................................

ဦးစီးဌာန/လုပ်ငန်း/အဖွဲ့အစည်း ..................................................

| စဉ် | အုပ်စု | တိုက်ပိုင်အမှတ် | အကြောင်းအရာ | စာအမှတ်/ရက်စွဲ | ဖျက်ဆီးရမည့် အကြောင်းအရင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |

ကော်မတီအဖွဲ့ဝင်များ ..................................... ..................................... .....................................

အတည်ပြုသူ/ဥက္ကဋ္ဌ .....................................

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၂ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၀၁) ခြေမြန်တပ်ရင်းမှ ကြည်း ၅၈၀၁၁ ဗိုလ်ကြီး မျိုးမင်းလတ် ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာဖြင့် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ဒေါက်တာကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)

အမှတ် ၁၅၃။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဖွဲ့စည်းပုံတွင် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံကို အရာထမ်းရာထူး (၅၀) နေရာ၊ အမှုထမ်းရာထူး (၁၅၀) နေရာ စုစုပေါင်းရာထူး (၂၀၀) နေရာဖြင့် အသစ်တိုးချဲ့ဖွဲ့စည်းပြီး ပြန်ကြားရေးဝန်ကြီးဌာနအား ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန/လုပ်ငန်း (၅) ခုဖြင့် အရာထမ်းရာထူး (၁၁၆၉) နေရာ၊ အမှုထမ်းရာထူး (၉၈၇၃) နေရာ စုစုပေါင်းရာထူး (၁၁၀၄၂) နေရာဖြင့် တိုးချဲ့ဖွဲ့စည်းလိုက်သည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁၂/၂၀၂၂ အရ ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်ကာလအတွင်း နိုင်ငံတော်တာဝန်များကိုထမ်းဆောင်ခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲဖော်ပြပါ ဂုဏ်ထူးဆောင် ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

| စဉ် | အမည် | ရာထူး | စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့၊ တံဆိပ် |
|---|---|---|---|
| ၁။ | ဦးအေးမြင့်ကြူ | ပြည်ထောင်စုဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | သီရိပျံချီဘွဲ့ |
| ၂။ | ဒေါ်စန္ဒာခင် | ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | ဝဏ္ဏကျော်ထင်ဘွဲ့ |
| ၃။ | ဦးသန်းဆွေ | ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | ဝဏ္ဏကျော်ထင်ဘွဲ့ |
| ၄။ | ဒေါက်တာ နန္ဒာမွန်း | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဝဏ္ဏကျော်ထင်ဘွဲ့ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၂၂)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၂၂ အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲဖော်ပြပါ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

| စဉ် | အမည် | ရာထူး | စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့၊ တံဆိပ် |
|---|---|---|---|
| ၁။ | ဦးကိုကို | ပြည်ထောင်စုဝန်ကြီး | သီရိပျံချီဘွဲ့ |
| ၂။ | ဒေါက်တာ စန်းဝင်း | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | ဝဏ္ဏကျော်ထင်ဘွဲ့ |
| ၃။ | ဦးသစ်လွင်စိုး | ဒုတိယပါမောက္ခချုပ် (ငြိမ်း) | ဝဏ္ဏကျော်ထင်ဘွဲ့ |
| ၄။ | ဒေါ်နုနုစိန် | ပါမောက္ခ (ငြိမ်း) | ဝဏ္ဏကျော်ထင်ဘွဲ့ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၂၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၂၂ အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနမှ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲဖော်ပြပါ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်း လိုက်သည်-

| စဉ် | အမည် | ရာထူး | စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့၊ တံဆိပ် |
|---|---|---|---|
| ၁။ | ဒေါက်တာ ခင်ကြည်ပြာ | ပါမောက္ခချုပ် (ငြိမ်း) | စီမံထူးချွန်တံဆိပ် (ပထမဆင့်) |
| ၂။ | ဦးကျော်ဦး | ပါမောက္ခချုပ် (ငြိမ်း) | စီမံထူးချွန်တံဆိပ် (ပထမဆင့်) |
| ၃။ | ဦးဇော်ဌေး | ဒုတိယအမြဲတမ်းအတွင်းဝန် (ငြိမ်း) | စီမံထူးချွန်တံဆိပ် (ပထမဆင့်) |
| ၄။ | ဦးစိန်ဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | စီမံထူးချွန်တံဆိပ် (ပထမဆင့်) |
| ၅။ | ဒေါက်တာ နုမြဖံ | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | စီမံထူးချွန်တံဆိပ် (ပထမဆင့်) |
| ၆။ | ဦးမြတ်သူရ | ဒုတိယပါမောက္ခချုပ် (ငြိမ်း) | စီမံထူးချွန်တံဆိပ် (ပထမဆင့်) |
| ၇။ | ဒေါ်သိန်းသိန်းခင် | ဌာနမှူး (ငြိမ်း) | စီမံထူးချွန်တံဆိပ် (ပထမဆင့်) |
| ၈။ | Professor Janice Mary Stargartd | ပထဝီဝင်ရှေးဟောင်းသုတေသန ပညာရှင် | ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်) |
| ၉။ | ဦးစံရင် | ကထိက (ငြိမ်း) | အနုပညာထူးချွန်တံဆိပ် (ပထမဆင့်) |
| ၁၀။ | ဦးစိုးတင့်လွင် | ကထိက (ငြိမ်း) | အနုပညာထူးချွန်တံဆိပ် (ပထမဆင့်) |
| ၁၁။ | ဦးမြင့်ဆန်းဟာတ် | Chairman Irrawaddy Travel International Co.,Ltd | ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) |

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၂၇/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

**ရာထူးတိုးမြှင့်ခန့်ထားခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ဆည်မြောင်း) မှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ စာရင်းကိုင်-၁၊ ဦးချစ်ထွန်း အား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄၃/၂၀၂၂) ၏ သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) ၌ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (ငွေစာရင်း) ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၂။ အထက်ဖော်ပြပါ အရာထမ်းအား ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သော အနီးစပ်ဆုံး အရာထမ်းအခြေခံသင်တန်းသို့ တက်ရောက်စေနိုင်ရေးအတွက် လိုအပ်သည်များစီစဉ်ဆောင်ရွက်နိုင်ရန် ဖော်ပြအပ်ပါသည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၃၃/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၀/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက် အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြ၍ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့် စီမံကိန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး (ကျွမ်းကျင်)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဦးသက်အောင် အား စီမံကိန်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ (ကျွမ်းကျင်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၃၄/၂၀၂၂)

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၀/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြ၍ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့် စီမံကိန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး (ပညာရှင်)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)ဒေါက်တာ မေရီကေခိုင်စိမ်း အား စီမံကိန်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ (ပညာရှင်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့် နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၃၆/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

### ရာထူးတိုးမြှင့်ခန့်ထားခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ သရုပ်ပြ ဒေါ်ဖြူဖြူဦး အား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄၄/၂၀၂၂) ၏ သဘောတူညီချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ လက်ထောက်ကထိက ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထား လိုက်သည်။

၂။ အထက်ဖော်ပြပါ အရာထမ်းအား ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သော အနီးစပ်ဆုံး အရာထမ်းအခြေခံသင်တန်းသို့ တက်ရောက်စေနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်နိုင်ရန် ဖော်ပြအပ်ပါသည်။

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၂၆/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

၂၀၂၂ခုနှစ်၊စက်တင်ဘာလ ၂၂ရက်တွင် ကျင်းပပြီးစီးခဲ့သောပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၄/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ညွှန်ကြားရေးဦးစီးဌာန၊ လေကြောင်းပညာ သိပ္ပံမှ နည်းပြ/သရုပ်ပြ (ဆက်သွယ်ရေးပြင်ဆင်ထိန်းသိမ်းရေး)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်သင်းသီရိသော် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ကထိက (လေကြောင်းဆက်သွယ်ရေး ပြင်ဆင်ထိန်းသိမ်းရေးအင်ဂျင်နီယာ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၂၇/၂၀၂၂)**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၁ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများအား ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( ခ ) **လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကွန်ဗင်းရှင်း** ဆိုသည်မှာ ၁၉၇၈ ခုနှစ်၊ သင်္ဘော ဝန်ထမ်းများ လေ့ကျင့်သင်တန်းပေးခြင်း၊ လက်မှတ်ထုတ်ပေးခြင်းနှင့် တာဝန်ထမ်းဆောင်ခြင်းတို့အတွက် စံနှုန်းသတ်မှတ်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ယင်း၏ပြင်ဆင်ချက်များ (International Convention on Standards of Training, Certification and Watchkeeping for Seafarers, 1978, as amended) ကို ဆိုသည်။"

"(ဂ) **လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်** ဆိုသည်မှာ သင်္ဘော၀န်ထမ်းများ လေ့ကျင့်သင်တန်းပေးခြင်း၊ လက်မှတ်ထုတ်ပေးခြင်းနှင့် တာဝန်ထမ်းဆောင်ခြင်းတို့အတွက် စံနှုန်းသတ်မှတ်သည့် ကုဒ်နှင့် ယင်း၏ပြင်ဆင်ချက်များ (Seafarers' Training, Certification and Watchkeeping Code, as amended) ကို ဆိုသည်။"

၃။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများတွင်ပါရှိသော "ပို့ဆောင်ရေး၀န်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၀န်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အပြည်ပြည်ဆိုင်ရာ ရေကြောင်းကွန်ဗင်းရှင်း" ဆိုသည့်စကားရပ်ကို "လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အပြည်ပြည်ဆိုင်ရာ ရေကြောင်းဥပဒေ" ဆိုသည့် စကားရပ်ကို "လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (င) ကို အောက်ပါအတိုင်း အစားထိုး ရမည်-

"(င) သက်ဆိုင်ရာသင်္ဘောများတွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်း ထောက်ခံချက်များကို တင်ပြရမည်။ ယင်းထောက်ခံချက်တွင် အထူးကိစ္စမှအပ သက်ဆိုင်ရာ ရေယာဉ်မှူး သို့မဟုတ် အင်ဂျင်နီယာမှူးက လက်မှတ်ရေးထိုးရမည်။"

၅။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ (က) တွင်ပါရှိသော "သင်္ဘောတွင် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ခြင်း၊ တာဝန်ထမ်းဆောင်စဉ် ကြီးလေးသည့် အကျင့်သိက္ခာပျက်ပြားခြင်း" ဆိုသည့် စကားရပ်ကို "သင်္ဘောတွင် တာဝန်ထမ်းဆောင်စဉ် သဘောတူစာချုပ်ပါအချက်များ ချိုးဖောက်ခြင်း၊ ကြီးလေးသည့် အကျင့်သိက္ခာ ပျက်ပြားခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၁၇ ၏ ခေါင်းစီးနှင့် ပြဋ္ဌာန်းချက်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"ဖြေဆိုအောင်မြင်ရမည့် အချိန်ကာလ သတ်မှတ်ချက်**

၁၇။ ဦးစီးဌာနသည် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲအတွက် ဖြေဆိုအောင်မြင်ရမည့် အချိန်ကာလ သတ်မှတ်နိုင်သည်။"

၇။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၂။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များအတွက် လေ့ကျင့်သင်ကြားခြင်း၊ အကဲဖြတ်ခြင်း၊ စာမေးပွဲစစ်ဆေးခြင်းနှင့် လက်မှတ်

ထုတ်ပေးခြင်းတို့ကို လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။"

၈။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များအတွက် သင်ရိုးညွှန်းတမ်းများကို လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကုဒ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။"

၉။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၄။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များအတွက် နှုတ်ဖြေစာမေးပွဲများ ဖြေဆိုရန် စာမေးပွဲဝင်ကြေးများ၊ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုလက်မှတ် ထုတ်ပေးခြင်း၊ ထပ်ဆင့် ထောက်ခံချက်လက်မှတ် ထုတ်ပေး ခြင်းနှင့် တတ်ကျွမ်းမှု လက်မှတ်ထုတ်ပေးခြင်းတို့အတွက် အခကြေးငွေများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။"

၁၀။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၃၅ တွင်-

(က) နည်းဥပဒေခွဲ (က) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ရေယာဉ်မှူး၊ အရာရှိများနှင့် ရေဒီယိုဆက်သွယ်ရေးအရာရှိများသည် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၅/၃ နှင့် အခန်း ၆ မှအပ အခြား အခန်းများပါ ပြဋ္ဌာန်းချက်များအရ ထုတ်ပေးထားသော သို့မဟုတ် အသိအမှတ်ပြုထားသော လက်မှတ်များကို သက်တမ်းတိုးမြှင့်နိုင်ရန် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၁/၁၁ ၏ အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုက်ညီသူဖြစ်ရမည်။"

"(ဂ) ဆီ၊ ဓာတ်ငွေ့ရည်နှင့် ဓာတုရည်တင် သင်္ဘောများတွင် တာဝန်ထမ်းဆောင်မည့် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများသည် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၅/၁-၁ နှင့် ၅/၁-၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ပေးထားသော သို့မဟုတ် အသိအမှတ်ပြုထားသော လက်မှတ်များကို သက်တမ်းတိုးမြှင့်နိုင်ရန် လေ့ကျင့်

ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၁/၁၁ ၏ အပိုဒ် ၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုက်ညီသူဖြစ်ရမည်။"

( ခ ) နည်းဥပဒေခွဲ (ဂ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဃ) ဝင်ရိုးစွန်းဒေသရေပြင်များတွင် ခုတ်မောင်းသွားလာသော သင်္ဘောများတွင် တာဝန်ထမ်းဆောင်မည့် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများသည် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၅/၄ ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ပေးထားသော သို့မဟုတ် အသိအမှတ်ပြုထားသော လက်မှတ်များကို သက်တမ်းတိုးမြှင့်နိုင်ရန် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၁/၁၁ ၏ အပိုဒ် ၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုက်ညီသူဖြစ်ရမည်။"

၁၁။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၄၁။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များအတွက် လေ့ကျင့်သင်ကြားခြင်း၊ အကဲဖြတ်ခြင်း၊ စာမေးပွဲစစ်ဆေးခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းများနှင့်စပ်လျဉ်း၍ လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေကြောင်းဘက်ဆိုင်ရာလမ်းညွှန်ချက်များ ထုတ်ပြန်သတ်မှတ်နိုင်သည်။"

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၅၃၉/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

ယခင်လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် အစမ်းခန့်ထားခဲ့သော ဦးသူရအောင်ဘို အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀၂/၂၀၂၂ အရ အစမ်းခန့်ကာလ

(၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ ယင်းဦးစီးဌာန၌ လစာနှုန်း (၅၅၀,၀၀၀/-) တန်း၊ ညွှန်ကြားရေးမှူးချုပ် အဖြစ် အတည်ပြုခန့်ထားလိုက်သည်။

သောင်းဟန်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၂) မှ သဘောတူခွင့်ပြုချက်အရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၂ ဖြင့် လွှဲပြောင်းပေးသည့် **အောက်ဖော်ပြပါ** တပ်မတော်အရာရှိကြီး/အရာရှိ (၉) ဦးတို့အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ ဝန်ထမ်းမှတ်တမ်းဌာနခွဲ၌ လစ်လပ်လျက်ရှိသော ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့မှစ၍ ခန့်ထား လိုက်သည်-

| စဉ် | ပြန်တမ်းဝင် အမှတ် | အဆင့်၊ အမည် | တပ်၊ ဌာန | ခန့်အပ်မည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|---|
| (က) | ကြည်း ၂၅၀၇၅ | ဗိုလ်မှူးကြီး သန်းနိုင် | တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံး | ညွှန်ကြားရေးမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဝန်ထမ်းမှတ်တမ်းဌာနခွဲ ဝန်ထမ်းရေးရာဦးစီးဌာန |
| ( ခ ) | ကြည်း ၃၃၃၈၁ | ဒုတိယ ဗိုလ်မှူးကြီး ဖြိုးသန့်ဇော် | အမှတ် (၃၄၃) ခြေမြန် တပ်ရင်း | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဝန်ထမ်းမှတ်တမ်းဌာနခွဲ ဝန်ထမ်းရေးရာဦးစီးဌာန |
| ( ဂ ) | ကြည်း ၃၃၄၃၃ | ဒုတိယ ဗိုလ်မှူးကြီး ရဲထွဋ်မောင် | စစ်တက္ကသိုလ် | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဝန်ထမ်းမှတ်တမ်းဌာနခွဲ ဝန်ထမ်းရေးရာဦးစီးဌာန |

| စဉ် | ပြန်တမ်းဝင် အမှတ် | အဆင့်၊ အမည် | တပ်၊ ဌာန | ခန့်အပ်မည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|---|
| (ဃ) | ကြည်း ၃၇၈၇၂ | ဗိုလ်မှူး ဝေဖြိုး | တြိဂံဒေသတိုင်းစစ်ဌာနချုပ် (တွဲဖက်) | လက်ထောက်ညွှန်ကြားရေးမှူး (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ဝန်ထမ်းမှတ်တမ်းဌာနခွဲ ဝန်ထမ်းရေးရာဦးစီးဌာန |
| ( င ) | ကြည်း ၃၈၀၁၉ | ဗိုလ်မှူး စိုးမောင်မောင် | အမှတ် (၁၄) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် | လက်ထောက်ညွှန်ကြားရေးမှူး (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ဝန်ထမ်းမှတ်တမ်းဌာနခွဲ ဝန်ထမ်းရေးရာဦးစီးဌာန |
| ( စ ) | ကြည်း ၄၂၉၅၃ | ဗိုလ်ကြီး ဘိုဘိုဝင်း | အမှတ် (၁) သတ္တုဗေဒဆိုင်ရာသုတေသနနှင့် နည်းပညာဖွံ့ဖြိုး တိုးတက်ရေးတပ် | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဝန်ထမ်းမှတ်တမ်းဌာနခွဲ ဝန်ထမ်းရေးရာဦးစီးဌာန |
| (ဆ) | ကြည်း ၅၂၆၀၅ | ဗိုလ်ကြီး ကျော်နိုင်ဝင်း | စစ်ရာထူးခန့်ချုပ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဝန်ထမ်းမှတ်တမ်းဌာနခွဲ ဝန်ထမ်းရေးရာဦးစီးဌာန |
| ( ဇ ) | ကြည်း ၇၂၇၈၈ | ဗိုလ်ကြီး ဇော်ထက်ပိုင် | အမှတ် (၉၁၃) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဝန်ထမ်းမှတ်တမ်းဌာနခွဲ ဝန်ထမ်းရေးရာဦးစီးဌာန |
| (ဈ) | ကြည်း ၇၂၇၉၄ | ဗိုလ်ကြီး ဉာဏ်လင်းထက် | အမှတ် (၉၁၄) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဝန်ထမ်းမှတ်တမ်းဌာနခွဲ ဝန်ထမ်းရေးရာဦးစီးဌာန |

ဒေါက်တာ မောင်မောင်နိုင်

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်<br>(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်တွင်းအခွန်များဦးစီးဌာန

**အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် (Public Ruling)**

**အမှတ် (၂/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

**ကုန်သွယ်လုပ်ငန်းခွန် မှတ်ပုံတင်ခြင်း၊ ကောက်ခံပေးဆောင်ခြင်း၊ ကြေညာလွှာတင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ လိုက်နာကျင့်သုံးရန်သတ်မှတ်ခြင်း**

**နိဒါန်း**

၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း၊ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများအရ ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်ခြင်း၊ ကောက်ခံပေးဆောင်ခြင်း၊ ကြေညာလွှာတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရာတွင် အခွန်ဌာနနှင့် အခွန်ထမ်းများအတွက် ရှင်းလင်းမှု ရှိစေရန် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်။

၂။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ ပြည်တွင်းအခွန်များဦးစီးဌာနအပေါ် စည်းနှောင်သက်ရောက်မှုရှိသည်။

## သက်ဆိုင်သည့် အကြောင်းအရာ

၃။ ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်ခြင်း၊ ကောက်ခံပေးဆောင်ခြင်း၊ ကြေညာလွှာတင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းအသိပေးခြင်းဖြစ်ပါသည်။

## သက်ဆိုင်သူများ

၄။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်ရန်၊ ကောက်ခံပေးဆောင်ရန်နှင့် ကြေညာလွှာတင်သွင်းရန်တာဝန်ရှိသည့် အခွန်ထမ်းများနှင့် သက်ဆိုင်မှုရှိစေရမည်။

## ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်ခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများ

၅။ ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်ခြင်းအားဖြင့် အခွန်ထမ်းများအနေဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်–

(က) မှတ်ပုံတင်သူအနေဖြင့် မိမိ၏ စီးပွားရေးလုပ်ငန်းပုံရိပ် ပိုမိုကောင်းမွန်စေသောကြောင့် လုပ်ငန်းတိုးချဲ့နိုင်မှုကို များစွာအထောက်အကူပြုခြင်း၊

(ခ) မှတ်ပုံတင်သူအနေဖြင့် ကုန်စည်ထုတ်လုပ်ရန် သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်ရန် သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ရန်အတွက် ရယူခဲ့သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ပေးဆောင်ခဲ့ရသည့် အခွန်များကို ခုနှိမ်ခွင့်ရရှိမည်ဖြစ်သဖြင့် အခွန်တစ်ကြိမ်ထက်ပို၍ ပေးဆောင်ရခြင်းမှ ရှောင်လွှဲနိုင်ပြီး လုပ်ငန်းကုန်ကျစရိတ် (Business Cost) များကို လျော့ကျစေနိုင်ခြင်း၊

(ဂ) မှတ်ပုံတင်သူအနေဖြင့် အခွန်ပြန်အမ်းငွေပေါ်ပေါက်ပါက ပြန်အမ်းငွေတောင်းခံနိုင်ခွင့်ရှိခြင်း၊

(ဃ) မှတ်ပုံတင်သူအနေဖြင့် အခွန်ခုနှိမ်ခံစားခွင့်များ ရရှိနိုင်ခြင်း၊

(င) မှတ်ပုံတင်ရန်ပျက်ကွက်ခြင်းအတွက် တပ်ရိုက်ခံရမည့် ဒဏ်ကြေးငွေမှ ကင်းလွတ်နိုင်ခြင်း။

## သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်

၆။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မ ၁၁ ပုဒ်မခွဲ (က)၊ ပုဒ်မ ၁၂ ပုဒ်မခွဲ (က)၊ ပုဒ်မ ၁၃ ပုဒ်မခွဲ (က)၊ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၃၊ ၂၀၂၂ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ (ခ) တို့အရ **မှတ်ပုံတင်ခြင်း၊ အခွန်ကောက်ခံပေးဆောင်ခြင်း၊ အခွန်ကြေညာလွှာတင်သွင်းခြင်း၊ အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေသတ်မှတ်ခြင်း** ဆိုင်ရာကိစ္စရပ်များနှင့်သက်ဆိုင်သည်။

## လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်

### မှတ်ပုံတင်ခြင်း

၇။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၃ တို့အရ နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိမည့် ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူသည် မိမိလုပ်ငန်းမစတင်မီ တစ်လကြိုတင်၍ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ သတ်မှတ်သည့်ပုံစံဖြင့် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားရမည်။ (Complusory Registration)

၈။ သို့ဖြစ်ရာ နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ မရှိသည့် ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ အနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်ခြင်းအား မဖြစ်မနေလျှောက်ထားရန်မလိုပါ။ သို့ရာတွင် အခွန်ခုနှိမ်ခွင့် ခံစားလိုခြင်းကြောင့်ဖြစ်စေ၊ လုပ်ငန်းသဘောသဘာဝအရ လိုအပ်ချက်ကြောင့်ဖြစ်စေ ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်ခြင်းကို မိမိတို့ဆန္ဒအလျောက် ဆောင်ရွက်နိုင်ပါသည်။ (Voluntary Registration)

၉။ အပိုဒ် ၇ နှင့် အပိုဒ် ၈ တို့အရ မှတ်ပုံတင်ထားသူများအနေဖြင့် မှတ်ပုံတင်လက်မှတ်သက်တမ်း တိုးခြင်းကို နှစ်စဉ်ဆောင်ရွက်ရမည်။

၁၀။ ၂၀၂၂ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ ပြဋ္ဌာန်းသတ်မှတ်ထားသည့် နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ကျပ်သိန်း ၅၀၀ ထက်ကျော်လွန်မှု ရှိ မရှိ တွက်ချက်ရာတွင် သုည ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်ခြင်း အပါအဝင် အခွန်ကျသင့်သည့် ကုန်စည်ရောင်းရငွေနှင့် ဝန်ဆောင်မှုရငွေ စုစုပေါင်းအပေါ်တွင်သာ အခြေပြု၍ တွက်ချက်ရမည်ဖြစ်ပြီး အခွန်ကင်းလွတ်ခွင့်ရရှိသည့် ကုန်စည်ရောင်းရငွေနှင့် ဝန်ဆောင်မှု ရငွေကို ထည့်သွင်းတွက်ချက်ခြင်းမပြုရ။

၁၁။ ကုမ္ပဏီတစ်ခု သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးအနေဖြင့် အခွန်ကျသင့်သည့် ကုန်စည် ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်းစသည်တို့ကို တစ်ခုထက်ပို၍ လုပ်ကိုင်မည်ဆိုပါက ယင်းလုပ်ငန်းများ၏ အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ရှိ မရှိ တွက်ချက်ရာတွင် သုည ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်ခြင်းအပါအဝင် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် လုပ်ငန်းများ၏ ရောင်းရငွေ သို့မဟုတ် ရငွေများကို စုပေါင်း၍တွက်ချက် ရမည်။

## ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်သူများ လိုက်နာဆောင်ရွက်ရမည့် တာဝန်နှင့် အကျိုးခံစားခွင့်များ

၁၂။ နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိသူ သို့မဟုတ် ဆန္ဒအလျောက်မှတ်ပုံတင်သူများအနေဖြင့် ကျသင့်အခွန်ကို ကောက်ခံပေးဆောင်ခြင်း၊ သုံးလ တစ်ကြိမ် ကြေညာလွှာနှင့် နှစ်ချုပ်ကြေညာလွှာ တင်သွင်းခြင်းတို့ကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၃။ အထက်အပိုဒ် (၁၂) ပါအတိုင်း ဆောင်ရွက်သူများအနေဖြင့် အခွန်ခုနှိမ်ခံစားခွင့်၊ ပြန်အမ်းငွေ တောင်းခံခွင့်တို့ကို ရရှိနိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် မှတ်ပုံတင်ထားခြင်း မရှိသူများအနေဖြင့် အဆိုပါ ခံစားခွင့်များကို ရရှိနိုင်မည်မဟုတ်ပါ။

၁၄။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် အောက်ပါ နမူနာ ဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြပါသည်-

(က) **နမူနာ- ၁**

(၁) **ဖြစ်စဉ်။** ဦးဖြူသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ၁-၆-၂၀၂၃ ရက်နေ့တွင် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရောင်းချသည့်လုပ်ငန်းကို စတင်လုပ်ကိုင်ပြီး ယင်းဘဏ္ဍာနှစ် အတွင်းတွင် ရောင်းရငွေအဖြစ် အောက်ပါအတိုင်း ရရှိပါသည်-

- ၁-၆-၂၀၂၃ မှ ၃၀-၆-၂၀၂၃ ရက်အထိ ကျပ်သိန်း ၅၀၊
- ၁-၇-၂၀၂၃ မှ ၃၁-၇-၂၀၂၃ ရက်အထိ ကျပ်သိန်း ၈၀၊
- ၁-၈-၂၀၂၃ မှ ၃၁-၈-၂၀၂၃ ရက်အထိ ကျပ်သိန်း ၁၅၀၊
- ၁-၉-၂၀၂၃ မှ ၃၀-၉-၂၀၂၃ ရက်အထိ ကျပ်သိန်း ၁၇၀၊
- ၁-၁၀-၂၀၂၃ မှ ၃၁-၁၀-၂၀၂၃ ရက်အထိ ကျပ်သိန်း ၂၀၀၊
- ၁-၁၁-၂၀၂၃ မှ ၃၁-၃-၂၀၂၄ ရက်အထိ ကျပ်သိန်း ၁၀၀၀။

(၂) **အများပြည်သူလိုက်နာရန်သတ်မှတ်ချက်ကို ကျင့်သုံးခြင်း။** ဦးဖြူသည် ၁-၆-၂၀၂၃ ရက်နေ့တွင် လုပ်ငန်းစတင်လုပ်ကိုင်သော်လည်း အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေအား ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ရရှိမည်ဖြစ်သဖြင့် ယင်းလမတိုင်မီ တစ်လကြိုတင်၍ ကုန်သွယ်လုပ်ငန်းခွန် မှတ်ပုံတင်ရမည်ဖြစ်ပြီး အခွန်ကောက်ခံပေးဆောင်ခြင်း၊ ကြေညာလွှာတင်သွင်းခြင်းတို့ကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ (မှတ်ချက်။ အခွန်ထမ်းအနေဖြင့် မှတ်ပုံတင်ရန်ပျက်ကွက်မှုကြောင့် ဒဏ်တပ်ရိုက်ခံရမှုကို ရှောင်ရှားနိုင်ရန်အတွက် အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေရရှိမည်ကို ခန့်မှန်းသိရှိလျှင် ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်ခြင်းကို ကြိုတင်ဆောင်ရွက်နိုင်ပါသည်။)

(ခ) **နမူနာ- ၂**

(၁) **ဖြစ်စဉ်။** ကုမ္ပဏီ "A" သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ယင်း၏လုပ်ငန်းများမှ ရငွေများ အဖြစ် အောက်ပါအတိုင်း ရရှိပါသည်-

- သုည ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်သည့် ဆောင်ရွက်မှုဖြစ်သည့် ပြည်ပသို့ ခဲမဖြူ တင်ပို့ခြင်းအတွက် ရငွေ ကျပ်သိန်း ၂၀၀၊ (ပြည်တွင်းရောင်းချမှု မရှိပါ။)
- အခွန်ကျသင့်သည့် ကုန်စည်ဖြစ်သည့် အလှကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်း ရောင်းချခြင်းမှ ရငွေ ကျပ်သိန်း ၂၀၀၊
- အခွန်ကျသင့်သည့် ကုန်စည်ဖြစ်သည့် သောက်ရေသန့်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းမှ ရငွေ ကျပ်သိန်း ၂၀၀။

(၂) **အများပြည်သူလိုက်နာရန်သတ်မှတ်ချက်ကို ကျင့်သုံးခြင်း။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အတွက် ကုမ္ပဏီ "A" ၏ အခွန်ကျသင့်သည့် ရောင်းရငွေ စုစုပေါင်း (သုည ရာခိုင်နှုန်းဖြင့် ကျသင့်ခြင်းအပါအဝင်) သည် ကျပ်သိန်း ၆၀၀ ဖြစ်သည့်အတွက် အဆိုပါ ဘဏ္ဍာနှစ်တွင် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအလို့ငှာ မဖြစ်မနေ လုပ်ငန်းမှတ်ပုံတင်ရန်၊ အခွန်ကောက်ခံ ပေးဆောင်ရန်၊ ကြေညာလွှာတင်သွင်းရန် လိုအပ်မည်ဖြစ်ပါသည်။ အခွန်ကောက်ခံပေးဆောင် ရာ၌ အလှကုန်ပစ္စည်းများ တင်သွင်းရောင်းချခြင်းမှ ရငွေနှင့် သောက်ရေသန့်ထုတ်လုပ် ရောင်းချခြင်းမှ ရငွေတို့အပေါ်တွင်သာ ကောက်ခံပေးဆောင်ရမည်ဖြစ်ပါသည်။

(ဂ) **နမူနာ-၃**

(၁) **ဖြစ်စဉ်။** ဦးလှသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၎င်း၏လုပ်ငန်းများမှ ရောင်းရငွေ/ ရငွေများအဖြစ် အောက်ပါအတိုင်း ရရှိပါသည်-

- ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းမှ ကျပ်သိန်း ၁၅၀၊
- ကုန်စည်ထုတ်လုပ်ရောင်းချခြင်းမှ ကျပ်သိန်း ၄၀၀၊
- ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်းမှ ကျပ်သိန်း ၃၀၀။

(၂) **အများပြည်သူလိုက်နာရန်သတ်မှတ်ချက်ကို ကျင့်သုံးခြင်း။** ဦးလှသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် လုပ်ငန်းအမျိုးအစား (၃) ခုကိုလုပ်ကိုင်ပြီး ယင်းလုပ်ငန်း (၃) ၏ ရောင်းရငွေ/ ရငွေ စုစုပေါင်းမှာ ကျပ်သိန်း ၅၀၀ ကျော်လွန်သည့်အတွက် ဦးလှအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်ခြင်းကို မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး ယင်းရောင်းရငွေ/ ရငွေ စုစုပေါင်းအပေါ် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်ဖြစ်ပါသည်။

(ဃ) **နမူနာ- ၄**

(၁) **ဖြစ်စဉ်။** ဦးမြသည် စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စားသောက်ဆိုင်လုပ်ငန်းမှ ဝန်ဆောင်မှုရငွေ ကျပ်သိန်း ၄၀၀ ရရှိပါသည်။ ယင်းဘဏ္ဍာနှစ်တွင်

ဦးမြအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် အခြားလုပ်ငန်းများမှ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ မရှိပါ။

(၂) **အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို ကျင့်သုံးခြင်း။** ဦးမြသည် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်သော်လည်း အဆိုပါနှစ်တွင် ရရှိသည့် ဝန်ဆောင်မှုရငွေသည် ကျပ်သိန်း ၅၀၀ ကျော်လွန်ခြင်း မရှိသည့်အတွက် အခွန်ထမ်းမှတ်ပုံတင်ခြင်း၊ ဝန်ဆောင်မှုရငွေအပေါ် ကျသင့်အခွန်ကောက်ခံပေးဆောင်ခြင်း (အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း)၊ ကြေညာလွှာတင်သွင်းခြင်းတို့ကိုဆောင်ရွက်ရန် လိုအပ်ခြင်းမရှိပါ။ (သို့ရာတွင် ဦးမြအနေဖြင့် အခွန်ခုနှိမ်ခွင့်ရရှိခံစားလိုခြင်းကြောင့်ဖြစ်စေ၊ လုပ်ငန်းသဘောသဘာဝအရကြောင့်ဖြစ်စေ မှတ်ပုံတင်ခြင်းကို မိမိဆန္ဒအလျောက် ဆောင်ရွက်နိုင်ပါသည်။ ယင်းသို့ မှတ်ပုံတင်ခြင်းကို မိမိဆန္ဒအလျောက် ဆောင်ရွက်မည်ဆိုပါက အထက်အပိုဒ် ၁၂ ပါအတိုင်း အခွန်ကောက်ခံပေးဆောင်ခြင်း၊ ကြေညာလွှာတင်သွင်းခြင်းတို့ကို မဖြစ်မနေလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။)

( င ) **နမူနာ- ၅**

(၁) **ဖြစ်စဉ်။** ဦးမောင်မောင်သည် ပွဲရုံလုပ်ငန်းလုပ်ကိုင်လျက်ရှိပြီး ဆန်၊ ပဲ၊ နှမ်း စသည့် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ဝယ်ယူရောင်းချခြင်းမှ ရောင်းရငွေ ကျပ်သိန်း ၁၀၀၀ ရရှိပါသည်။

(၂) **အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို ကျင့်သုံးခြင်း။** ဦးမောင်မောင်သည် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်စည်များကိုသာ ရောင်းချခြင်းဖြစ်သည့်အတွက် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ ကုန်သွယ်မှုရငွေအပေါ် ကျသင့်အခွန်ကောက်ခံပေးဆောင်ခြင်း၊ ကြေညာလွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ခြင်းမရှိပါ။

**ဒဏ်ကြေးငွေပေးဆောင်စေခြင်း**

၁၅။ အခွန်ထမ်းများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ရန်၊ အခွန်ကောက်ခံပေးဆောင်ရန်နှင့် ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ဒဏ်ကြေးငွေတပ်ရိုက်ခြင်းခံရမည်ဖြစ်ပါသည်။

၁၆။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၁၇။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

မင်းထွဋ်
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

မှတ်ပုံတင်အမှတ်-၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ASIA TOWER INFRASTRUCTURE MYANMAR LTD**

(ကုမ္ပဏီမှတ်ပုံတင်အမှတ် -၁၂၄၂၃၃၅၂၆)

(ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

**ASIA TOWER INFRASTRUCTURE MYANMAR LTD** ကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၁၅-၁၀-၂၀၂၂) ရက်နေ့၌ ကုမ္ပဏီအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးကပင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တရားလွှတ်တော်ရှေ့နေ ဦးမျိုးဝင်း (လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း၊ အသင်းဝင်အမှတ်-၀၀၀၆၂) အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို ဤကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ကိုဦး
ဒါရိုက်တာ
ASIA TOWER INFRASTRUCTURE MYANMAR LTD

ဦးမျိုးဝင်း
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၆၃၅/၂၀၁၂)
လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း
အသင်းဝင်အမှတ်-၀၀၀၆၂
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
၁၂၈/၁၃၀၊ ပထမထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၈၀၀၇၆၁၅

**MYANMAR RONG WEI NEW MATERIAL COMPANY LIMITED**

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ (၁၄၇)

အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း

၁။ **MYANMAR RONG WEI NEW MATERIAL COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် (၅-၁၂-၂၀၂၂) နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၁၉၅)၊ မြသီတာလမ်း၊ ၂၉ ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါက်တာ မြမာလာအေး [တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၂)] အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါက်တာ မြမာလာအေး [တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၂)] နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Mr.Zhou, Qi
Managing Director
Myanmar Rong Wei New Material Co., Ltd

ဒေါက်တာ မြမာလာအေး
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၂)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

Notice of Special Resolution

**SOUTH HONOUR LIMITED**

Myanmar Insolvency Law Section (147)

For Member's Voluntary Winding-up

At the Extraordinary General Meeting of the shareholders of the Company held on (5-12-2022) the resolution that Company was winding-up voluntarily and Dr. Mya Mar Lar Aye (Advocate No.7352) was appointed as a Liquidator was passed on Extraordinary General Meeting Resolution. For above resolution all persons claiming to be creditors of the above Company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below at the day on (5-1-2023) or before that day.

Mr. Lu, Wen-Chi
Managing Director
South Honour Limited

Dr. Mya Mar Lar Aye
Liquidator
No.195, Mya Thitar Street, 29 Quarter,
Thuwanna Thingangyun Township, Yangon.

**E-Lan Trading & Services Co.Ltd**

(အစုရှင်ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းဆောင်ရွက်ပြီးဖြစ်၍ အစုရှင်အားလုံးကို တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်နောက်ဆုံးအစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ။ ၁၅-၁၂-၂၀၂၂

ကျင်းပမည့်အချိန် ။ ။ နံနက် (၉:၀၀) နာရီ

ကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံ၊ စာရင်းရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်မြနု
B.Com (Q), CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးဝင်းကျော်
B.Com, D.A
လက်ထောက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

No. 19, 4 Za (2-Kha), Corner of Baho Road and Nilar Street, (13) Qtr, Hlaing Township, Yangon, Myanmar.
Tel : (+951) 2305300 Fax : (+951) 2305305, 2305305

Notice for Members' Voluntary Winding-up and To Claim Debts Due
Pursuant to Insolvency Law 2020

**Minerva Company Limited**

(In Members' Voluntary Winding-up)

According to Special General Meeting's special resolutions of the **Minerva Company Limited** on (24-10-2022), **Minerva Company Limited** has been decided for Members' Voluntary Winding-up as from (24-10-2022) and Daw Myint Myint Toe, B.Com, CPA, Daw Myint Myint Toe Group, Certified Public Accountants is appointed as a liquidator in accordance with Insolvency Law 2020 of Myanmar.

Account receivables & account payables of the company must be claimed with strong documentary evidence to the liquidator at the address mentioned hereunder and settled within 30 days from the date of this notice. Please be informed that we will not be responsible for any debts requested after the date mentioned above.

Daw Myint Myint Toe
B.Com, CPA
Liquidator
Minerva Company Limited
No. 4, Pyidawaye Yeiktha, Kabaaye Pagoda Road,
Yankin Township, Yangon, Myanmar

## နယူးအေ့စ်ကုမ္ပဏီလီမိတက်

## (NEW ACE COMPANY LIMITED)

(အစုရှင်များ၏ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ (က) နှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ၂၁၁ အရ ဖျက်သိမ်းဆဲ နယူးအေ့စ်ကုမ္ပဏီလီမိတက်၏ အစုရှင်များဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆိုင်ရာ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | – | ၆-၁-၂၀၂၃ |
| အစည်းအဝေးကျင်းပမည့်အချိန် | – | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | – | နယူးအေ့စ်ကုမ္ပဏီလီမိတက်အစည်းအဝေးခန်းမ |

အဆိုပါအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရှင်းလင်းချက်များနှင့် အစီရင်ခံစာကို တင်ပြအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးနေမျိုးအောင်
B.Com, CPA, MBA, HGP, DBL, DIL, DA (LCCI)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၃၂)၊ ၅ လွှာ၊ ၁၆၅ လမ်း၊ တာမွေကြီး (ခ) ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## GATEWAYS INTERNATIONAL HOLDING CO., LTD

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

နောက်ဆုံးအကြိမ်အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးအသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| | | |
|---|---|---|
| နေ့ရက်၊ အချိန် | – | ၂၆–၁၂–၂၀၂၂၊ နံနက် (၁၀း၀၀) နာရီ |
| နေရာ | – | အမှတ်– 3(X)၊ ကုန်းမြင့်ရိပ်သာ၊ (7) မိုင်၊ ပြည်လမ်း၊ (6) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

Naing Htut Aung
Director
Gateways International Holding Co., Ltd

ဒေါ်သန်းသန်းနိုင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်–၉၈၊ စတုတ္ထထပ် (ဘီ)၊ စက်တွင်းလမ်း၊
ဂျွန်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Notice Under the Myanmar Insolvency law

**Shin Watahan Co., Ltd**

(Members' Voluntary Winding–up)

Final General Meeting Invitation

The final general meeting in the course of voluntary winding–up will be held on 9–1–2023 at 10 am at the company office which is located at No.36–38, 1st floor (level 2), Swiss Business Office Center, Grand Myay Nu Condo, Myay Nu Street, Sanchaung Township, Yangon, Myanmar, therefore, all shareholders are cordially invited to attend the final general meeting. At the meeting, the Liquidator's final account and explanations of the account will be submitted.

Daw Zun Mie Naing
Liquidator

**Liquidator's Office** – Central Tower 1, UG2, Unit C, Corner of Kabaraye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar. (Phone–09420157477)

Notice for Members' Voluntary Winding–up

Pursuant to Insolvency Law of Myanmar 2020

**Wirecard Myanmar Limited**

(In Members' Voluntary Winding–up)

According to Special General Meeting's special resolutions of the **Wirecard Myanmar Limited** on (20–10–2022), **Wirecard Myanmar Limited** has been decided for Members' Voluntary Winding–up as from (20–10–2022) and Daw Myint Myint Toe, B.Com, CPA, Daw Myint Myint Toe Group, Certified Public Accountants is appointed as a liquidator in accordance with Insolvency Law 2020 of Myanmar.

Account receivables & account payables of the company must be claimed with strong documentary evidence to the liquidator at the address mentioned hereunder and settled within 30 days from the date of this notice. Please be informed that we will not be responsible for any debts requested after the date mentioned above.

Daw Myint Myint Toe
B.Com, CPA
Liquidator
Wirecard Myanmar Limited
No. 4, Pyidawaye Yeiktha, Kabaaye Pagoda Road,
Yankin Township, Yangon, Myanmar.

ပ၊ ထ၊ န - အမှတ် ၅၇၅/ ၂၁/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၇၈၀/ ၉-၁၂-၂၀၂၂။